ကြေးမုံ The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့၊ (16-1-2004) (၄၁၁၇)

ယနေ့ထုတ်စောင်ရေ ၁၉၆၄၄၉

ပုဗ္ဗေ စ ကတပုညတာ တေံ မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရ စီမံချမှတ်ပေးသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ဖြစ်ထွန်းလာရန် ကြိုးပမ်း ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ အောင်မြင်ရန် အလေးပေး ရေလုပ်ငန်းများတိုးတက်အောင် ကူညီပံ့ပိုးမှုများကို ဒေသအာဏာပိုင်များနှင့် ဌာနဆိုင်ရာများက စိတ်ရောကိုယ်ပါ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၃ရက် နံနက် ၈နာရီတွင် တနင်္သာရီတိုင်း မြိတ်မြို့အထွက် မြိတ်–ထားဝယ်လမ်းအပိုင်း ကျွဲကူး–ကျောက်ဖျာ တံတားအဝင်အထွက် ချဉ်းကပ်လမ်းများ အဆင့်တိုးမြှင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဖျာမြစ်ရေပြင်အခြေအနေနှင့် တံတားကြီးကို ဂါတ်တောင်ကုန်းပေါ်မှ ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သော ကျွဲကူး–ကျောက်ဖျာတံတားသို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက ကျွဲကူး–ကျောက်ဖျာတံတား၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကျွဲကူး–ကျောက်ဖျာတံတားမှာ မြိတ်၊ ထားဝယ် လမ်းပေါ်တွင် တည်ရှိပြီး အပေါ်ထည် သံမဏိသံပေါင် အောက်ထည် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ တံတား၏ အရှည်မှာ ၃၆၁၂ ပေ၊ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေ၊ လူသွားလမ်းအကျယ်မှာ တစ်ဖက်ခြောက်ပေစီရှိပြီး တန်ချိန် ၆၀ အထိ ခွင့်ပြုတံတားအမျိုးအစား တံတား ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရ ကွန်ပျူတာကောလိပ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၁၃ရက်က တနင်္သာရီတိုင်း မြိတ်မြို့အထွက် မြိတ်–ထားဝယ်လမ်းပေါ်ရှိ ကျွဲကူး–ကျောက်ဖျာတံတားကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီ(၁/၂၀၀၄) အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁၅

အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီ(၁/၂၀၀၄) အစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမဒ္ဒကျင်းပရာ အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဥပဒေချုပ်၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီ၏ အဖွဲ့ဝင်များ ဖြည့်စွက်ရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများပါဝင်သည့် အာဆီယံဆိုင်ရာ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၆-၁-၂၀၀၄
(သောကြာနေ့)

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီလ ၁၁ ရက်က တနင်္သာရီတိုင်း လောင်းလုံမြို့နယ် ထားဝယ်ဒေသတွင် ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့်အခြေအနေ၊ အိမ်နီးချင်းနိုင်ငံနှင့် ဆက်သွယ်မည့်လမ်းမကြီး ဖောက်လုပ်နိုင်မည့်အခြေအနေနှင့် ယင်းအစီအစဉ်များနှင့်အတူ ထားဝယ်ဒေသအတွင်း စက်မှုလုပ်ငန်းကြီးများ ထူထောင်နိုင်မည့် အခြေအနေတို့ကို သွားရောက်လေ့လာခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် **နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်များက နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ဖွယ်ရာများကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်** ပြောကြားသွားသည်။

တနင်္သာရီတိုင်း လောင်းလုံမြို့နယ် ညောပြင်ကျေးရွာတွင် ညောပြင်ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါဆိပ်ကမ်း တည်ဆောက်ပြီးစီးပါက တန်ချိန် ၅၀၀၀၀ ဆံ့ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းသည် ဒုတိယကမ္ဘာစစ်ကာလက အိမ်နီးချင်းနိုင်ငံနှင့် ဆက်သွယ်သောလမ်းများ၊ ရထားလမ်းများ ရှိခဲ့သော်လည်း နောက်ပိုင်းကာလများတွင် အကြောင်းအမျိုးမျိုးကြောင့် လမ်းများ ပျောက်ပျက်သွားခဲ့ရသည်။

ယခုအခါတွင် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အညီ နိုင်ငံတကာနှင့် ဆက်သွယ်သည့်လမ်းများ ပြန်လည်တည်ဆောက်ရန် အခြေအနေများ ဖြစ်ပေါ်လာသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသတို့၏ အလယ်ဗဟို၌ တည်ရှိနေပြီး ယနေ့အချိန်အခါတွင် ဒေသတွင်းနိုင်ငံများအချင်းချင်း စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိနေသည်။

ယင်းသို့ တိုးတက်ဖြစ်ထွန်းလျက် ရှိနေချိန်တွင် မြန်မာနိုင်ငံကို ဖြတ်သန်းလျက် ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်နိုင်မည့် လမ်းမကြီးများ ဖောက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေသည်။

ထို့အတူ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံများ ပူးပေါင်းလျက် ဒေသတွင်းစီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများ၊ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံများအကြား အစီအမံများ ချမှတ်ထားသည်။

အလားတူ အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံ ဆက်သွယ်မည့် လမ်းမကြီး ဖောက်လုပ်ရေးအပါအဝင် ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လည်း နိုင်ငံများအကြား အစီအမံများ ချမှတ်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်နိုင်မည့် လမ်းမကြီးများ ဖြစ်ထွန်းပေါ်ပေါက်လာပါက ပင်လယ်ကမ်းခြေ အပန်းဖြေ ဒေသတစ်ခုဖြစ်သည့် တနင်္သာရီတိုင်းမှ မောင်းမကန်ဒေသသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်သည်။

သို့ဖြစ်ရာ တနင်္သာရီတိုင်း ထားဝယ်ဒေသတွင် နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံနိုင်မည့် ပင်လယ်ရေနက်ဆိပ်ကမ်းနှင့် လမ်းမကြီး ပေါ်ထွန်းလာမှုနှင့်အတူ ကုန်စည်ကူးသန်းမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကဏ္ဍအလိုက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၁၅

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့် မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးစောမောင်လှ	ညွှန်ကြားရေးမှူးချုပ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ခ) ဦးမြသန်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစိုးဝင်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပါရဂူအဆင့် သုတေသန စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကဦးစီး၍ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပါရဂူအဆင့် သုတေသနစာတမ်းဖတ်ပွဲနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဇန်နဝါရီ ၈ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကွန်ပျူတာပညာရှင်များ၊ ကိုရီးယားသမ္မတနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ရှိ တက္ကသိုလ်များမှ ပါမောက္ခများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ပါရဂူဘွဲ့သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ Hankuk Aviation University (HAU)မှ President, Dr. Soon Kil Hong နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ကွန်ပျူတာ တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များဖြစ်မြောက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ကွန်ပျူတာပညာရှင်များ မွေးထုတ်ရန်ရည်ရွယ်၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ကွန်ပျူတာပါရဂူဘွဲ့ (Computer Ph.D)သင်တန်းများကို ၂၀၀၁ ခုနှစ် မေ ၁၄ရက်က စတင်ဖွင့်လှစ် သင်ကြားလျက်ရှိပြီး ကွန်ပျူတာပါရဂူဘွဲ့ ကျမ်းပြုစုရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရန် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ ကွန်ပျူတာပါရဂူဘွဲ့ သင်တန်းများအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော တက္ကသိုလ်များမှာ Hankuk Aviation University, Korea၊ Kyung Hee University, Korea၊ Nanyang Technological University, Singapore၊ Japan Advanced Institute of Science and Technology. (JAIST)၊ Keio University, Japan၊ Osaka City University, Japan တို့ဖြစ်သည်။

ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပါရဂူအဆင့် သုတေသန စာတမ်းဖတ်ပွဲကို ၂၀၀၃ခုနှစ် ဇန်နဝါရီလအတွင်းက ကျင်းပပြီး ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပါရဂူအဆင့် သုတေသန စာတမ်းဖတ်ပွဲကို ယခုနှစ် ဇန်နဝါရီ ၈ရက်တွင်ကျင်းပရာ စာတမ်းအရေအတွက်မှာ ကိုရီးယားသမ္မတနိုင်ငံ တက္ကသိုလ်များ ၁၂စောင်၊ ဂျပန်နိုင်ငံတက္ကသိုလ်များ နှစ်စောင်၊ ကနေဒါနိုင်ငံတက္ကသိုလ် တစ်စောင်၊ စင်ကာပူနိုင်ငံတက္ကသိုလ် ခုနစ်စောင်၊ ဩစတြေးလျနိုင်ငံတက္ကသိုလ် နှစ်စောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက္ကသိုလ် နှစ်စောင်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ၆၄စောင်တို့ ဖြစ်ကြသည်။

အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပါရဂူအဆင့် သုတေသနစာတမ်းဖတ်ပွဲတွင် နိုင်ငံခြားတက္ကသိုလ်များမှ လာရောက်စာတမ်း တင်သွင်းဖတ်ကြားကြသော ပါမောက္ခများမှာ ကိုရီးယားသမ္မတနိုင်ငံ တက္ကသိုလ်များမှ ရှစ်ဦး၊ ဂျပန်နိုင်ငံ တက္ကသိုလ်များမှ တစ်ဦး၊ စင်ကာပူနိုင်ငံ တက္ကသိုလ်မှ တစ်ဦး၊ ဩစတြေးလျနိုင်ငံ တက္ကသိုလ်မှ တစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံ တက္ကသိုလ်မှ Ph.D ကျောင်းသား လေးဦးနှင့် စင်ကာပူနိုင်ငံ တက္ကသိုလ်မှ Ph.D ကျောင်းသား တစ်ဦးတို့ ဖြစ်ကြသည်။

ယင်းစာတမ်းဖတ်ပွဲ၌ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ Ph.D ကျောင်းသားများလည်း တက်ရောက်ဖတ်ကြားခဲ့ကြောင်းသတင်းရရှိသည်။

ထို့နောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံခြားတက္ကသိုလ်များမှ ၎င်းတို့စရိတ်ဖြင့် လာရောက်ကြသော ကိုရီးယားသမ္မတနိုင်ငံ Hankuk Aviation University(HAU) မှ ပါမောက္ခ Dr. Keung Hae Leeက Ubiquitous Computing in the Home ခေါင်းစဉ်ကိုလည်းကောင်း၊ ဂျပန်နိုင်ငံ Osaka City University မှ ပါမောက္ခ Dr. Hiromitsu Hamaက Basics for Moving Image Processing ခေါင်းစဉ်ကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Hankuk Aviation University မှ ပါမောက္ခ Dr. Jong Sou Parkက Internet Security and Survivability ခေါင်းစဉ်ကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းရာ တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးပြီး အပြန်အလှန်မေးမြန်းချက်များကို ဖြေကြားကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံမှ Hankuk Aviation University နှင့် Kyung Hee University ၊ စင်ကာပူနိုင်ငံ Nanyang Technological University နှင့် National University Singapore၊ ဂျပန်နိုင်ငံ Osaka City University၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ University of Technology နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့မှ ပါမောက္ခများနှင့် Ph.D ပါရဂူဘွဲ့ သင်တန်းသားများက ကွန်ပျူတာအသုံးချမှုဆိုင်ရာ စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

ညနေ ၆ နာရီတွင် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာ တက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ HAU တို့အကြား သဘောတူစာချုပ်ကို မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးတင်မောင်ညွန့်နှင့် HAU မှ President တို့က လည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ Hankuk Aviation University (HAU) တို့ အကြား သဘောတူစာချုပ်ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်နှင့် HAU မှ President Dr. Soon Kil Hong တို့က လည်းကောင်း လက်မှတ်ရေးထိုးကြသည်။ (သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၀-၁-၂၀၀၄)ရက်မှ (၂၄-၁-၂၀၀၄)ရက်ထိ
MICT Park ၊ ရန်ကုန်မြို့

အင်တာနက်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)က ကြီးမှူး၍ ITပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တာနက်မိတ်ဆက်(Introduction to Internet) သင်တန်းကို လှိုင်မြို့နယ် MICT Park ရှိ e-Learning Center ၌ ဖေဖော်ဝါရီ ၂ရက်မှစ၍ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ (သတင်းစဉ်)

ဘုရှ်အစိုးရအဖွဲ့ လိုငွေပြမှု မြင့်တက်လာ ဒေါ်လာဘီလျံ ငါးရာရှိ

ကရောဖို့(တက္ကဆပ်) ဇန်နဝါရီ ၁၄

အီရတ်စစ်ပွဲဆင်နွှဲရန် အဓိကအကြောင်းပြချက်အနေဖြင့်ပြသခဲ့သည့် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူဘုရှ်၏ လူအစုအပြုံလိုက်သေစေနိုင်သည့် အဖျက်လက်နက်များနှင့်ပတ်သက်၍ မည်သည့်သာဓကမျှ မိမိမတွေ့ရှိခဲ့ရကြောင်း ဘဏ္ဍာရေးဝန်ကြီးဟောင်း ပေါလ်အိုနီးလ်က ပြောကြားသည်။

ပေါလ်အိုနီးလ်သည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလက ဘုရှ်အစိုးရ၏ စီးပွားရေး အဖွဲ့အား ရာထူးအပြောင်းအလဲ ပြုလုပ်ခဲ့ရာတွင် ရာထူးမှ ဖယ်ရှားခြင်း ခံရသူဖြစ်သည်။ ရသုံးငွေစာရင်း လိုငွေပြမှုများ တိုးမြင့်လာပြီး ယခုဘဏ္ဍာရေးနှစ် တစ်နှစ်တည်းပင်လျှင် အမေရိကန်ဒေါ်လာဘီလျံ၅၀၀ထိ ရောက်လုနီးဖွယ်ရှိကြောင်း အိုနီးလ်က အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီသို့ သတိပေးရန် ကြိုးပမ်းခဲ့ကြောင်း၊ ယင်းလိုငွေပြမှုသည် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးကို ခြိမ်းခြောက်နေသည့် အန္တရာယ်ဖြစ်နေကြောင်း အိုနီးလ်က ပြောကြားခဲ့သည်။

သက်သေပြခဲ့

ဒစ်ချေနီက စကားလမ်းကြောင်း ပြောင်းပြီး လိုငွေပြမှု အရေးမကြီးကြောင်းကို သမ္မတ ရေဂင်က သက်သေပြခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ အောက်လွှတ်တော် ရွေးကောက်ပွဲများတွင် အောင်မြင်ခဲ့ကြောင်း၊ ၎င်းသည် မိမိတို့ မျှော်လင့်ချက်ဖြစ်ကြောင်း ဒစ်ချေနီက ပြောကြားခဲ့သည်ဟု အိုနီးလ်က ပြောကြားသည်။

ဖယ်ရှားခံရ

နောက်တစ်လ ကြာသောအခါ ဒစ်ချေနီက အိုနီးလ်အား ဘဏ္ဍာရေးဝန်ကြီးမှ ဖယ်ရှားခံရကြောင်း ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဒုတိယသမ္မတ ဒစ်ချေနီ၏ရုံးက ရုတ်ခြည်းဝေဖန်မှုမပေါ်သေးပေ။ သို့ရာတွင် ၎င်းနေရာတွင် အစားထိုးခံ ဂျွန်စနိုးကမူ ယင်းလိုငွေပြမှုသည် ဘုရှ်အစိုးရအဖွဲ့တွင် ပြဿနာဖြစ်နေကြောင်း၊ အခိုင်အမာပြောကြားခဲ့ပြီး မိမိတို့အနေဖြင့် ယင်းလိုငွေပြမှုပမာဏနှင့်ပတ်သက်၍ စိတ်လက်ကြည်သာရွှင်ပြမှု မရှိကြကြောင်း၊ ၎င်းလိုငွေပမာဏသည် ရှိသင့်ရှိထိုက်သည်ထက် ပိုနေကြောင်း၊ ယင်း လိုငွေများကို လာမည့်ငါးနှစ်အတွင်း လိုငွေတစ်ဝက်ခန့်ကို ဖြတ်တောက်ပစ်မည်ဖြစ်ကြောင်း၊ ယခုရက်သတ္တပတ်တွင် သမ္မတဘုရှ်က တာဝန်ယူ ဆောင်ရွက်ရန်ဆုံးဖြတ်လိုက်ကြောင်း ဂျွန်စနိုးက အေဘီစီသတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကင်းလှည့်စောင့်ကြပ်

ဇန်နဝါရီ ၁၄ ရက်က အီရတ်နိုင်ငံ တိုက်ဂရစ်မြစ် ကောင်းကင်ယံတွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် အပါချီရဟတ်ယာဉ်နှစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရဲတပ်ဖွဲ့ဝင်များ ဗုံးရှာဖွေရာတွင် အသုံးချခံနေရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များကို အီရတ်ခုခံတိုက်ခိုက်သူများ အသုံးပြု တိုက်ခိုက်နေသော ဗုံးများ၊ ဖောက်ခွဲရေး ပစ္စည်းများကို လိုက်လံရှာဖွေ ရှင်းလင်းနိုင်ရေးအတွက် အီရတ် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် "သည်ဟော့ခ်"အဖွဲ့ကို ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း ဗုံးရှာဖွေရှင်းလင်းရင်း ဗုံးထိမှန် ဒဏ်ရာရမှုများကို ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း သိရှိရသည်။

ဘဂ္ဂဒက်မြို့မှ "သည်ဟော့ခ်" အဖွဲ့ဝင် အသက် ၂၃နှစ်အရွယ်ရှိ ဆာလေဟာမက်ဆိုသူ အီရတ်ရဲအရာရှိ တစ်ဦးသည် လွန်ခဲ့သည့် နှစ်သစ်ကူးရက်များအတွင်းက ဗုံးဖယ်ရှားပေးနေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး ညာဘက် လက်ကောက်ဝတ် ပြတ်ကာ ဒဏ်ရာရရှိသွားပြီး ဆေးရုံတက်ကာ ဆေးကုသမှု ခံယူနေကြရကြောင်း သိရှိရသည်။

ယခုကဲ့သို့ ဒဏ်ရာရရှိခြင်းသည် "သည်ဟော့ခ်"အဖွဲ့မှ အီရတ်ရဲတပ်ဖွဲ့ဝင်များ၏ အန္တရာယ်ကြီးမားပုံကို ပြနေကြောင်း၊ ဗုံးများကို ရှာဖွေရှင်းလင်းရန် ခေတ်မီပစ္စည်းကိရိယာ ၎င်းတို့မှာ မရှိဘဲ နေ့စဉ် ပျမ်းမျှ ဗုံးခြောက်လုံးကို ရှင်းလင်း ဖယ်ရှားနေရကြောင်း၊ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များကလည်း ၎င်းတို့အား ကူညီထောက်ပံ့မှု မပေးကြောင်း "သည်ဟော့ခ်"အဖွဲ့က အပြစ်တင်ပြောကြားလျက်ရှိသည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အီရတ်နိုင်ငံ ဘာလက်မြို့၌ ကာဖျူးအမိန့်ထုတ်ပြန် ဒေသခံများ မကျေမနပ်ဖြစ်လျက်ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ကီလိုမီတာ၈၀ အကွာ ဘာလက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက သတ်မှတ်ပြဋ္ဌာန်းခဲ့သော ၁၂နာရီကြာ ကာဖျူးအမိန့်ကြောင့် ဒေသခံများ၏ မကျေနပ်ချက်များ ထွက်ပေါ်လာသည်။

ကာဖျူးအမိန့်ထုတ်ပြန်

အမေရိကန် တပ်ဖွဲ့ဝင်များသည် တပ်သစ်များ ဝင်ရောက် အစားထိုးနေရာယူမည် ဖြစ်သည့်အတွက် ဘာလက်မြို့တွင် တနင်္လာနေ့ည ၆ နာရီမှ အင်္ဂါနေ့ နံနက် ၆ နာရီအထိ အပြင်မထွက်ရ ကာဖျူးအမိန့်ကို ထုတ်ပြန်ခဲ့ကြောင်း ဒေသခံများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အသိပေးကြေညာ

အသံချဲ့စက်များ တပ်ဆင်ထားသည့် အမေရိကန် စစ်ကားများသည် ကာဖျူးအမိန့် ထုတ်ပြန်ကြောင်းကို အာရေဗျဘာသာဖြင့် အသိပေးကြေညာခဲ့ကြောင်း အသက် ၂၉ နှစ်အရွယ် ဆာ့ဒ်အဗ္ဗဒယ်အမီယာက ပြောကြားသည်။

ပိုမိုကျယ်ပြန့်စေနိုင်

ယင်းကဲ့သို့ ကာဖျူးအမိန့်ချမှတ်ရန် ဆုံးဖြတ်မှုသည် ဘာလက်မြို့ခံလူထုကို အတိဒုက္ခ ပိုမိုရောက်စေသည့် နည်းလမ်းတစ်ရပ်ဖြစ်ရာ မကျေနပ်မှုကို တိုးပွားစေကာ အီရတ် အရပ်သားများနှင့် အီရတ်သိမ်းပိုက်ရေးတပ်ဖွဲ့များအကြား သဘောကွဲလွဲမှုများကို ပိုမိုကျယ်ပြန့်စေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်တောင်ပိုင်း ကွတ်မြို့၌ ပြည်သူများဆန္ဒပြ ယူကရိန်းတပ်ဖွဲ့ဝင်များ ပစ်ခတ်လူစုခွဲခဲ့ရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံတောင်ပိုင်းရှိ ကွတ်မြို့တွင် ဒေသခံ အီရတ်ပြည်သူများက အလုပ်ရရှိရေးအတွက် ဆန္ဒပြတောင်းဆိုခဲ့ကြရာ ယူကရိန်းတပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ပစ် လူစုခွဲလိုက်ကြောင်း သိရှိရသည်။

အဆိုပါမြို့သည် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် အီရတ်အရပ်သားများ ပဋိပက္ခဖြစ်ပွားသော ဒုတိယမြောက်မြို့ဖြစ်သည်။ အမ်မရာမြို့တွင်လည်း အလုပ်အကိုင်တောင်းဆိုဆန္ဒပြသူ အီရတ်လူမျိုးများကို ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့က သေနတ်နှင့် ပစ်ခတ်မှုကြောင့် အနည်းဆုံး ဆန္ဒပြသူ ခြောက်ဦးသေဆုံးခဲ့ရသည်။

ထိုအတောအတွင်း ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ဘက်ယာဉ်တန်းအနီး ဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး နှစ်ဦးထက်မနည်း ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ထို့အပြင် အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ရုတ်တရက်စီးနင်းရှာဖွေမှုများပြုလုပ်ခဲ့ပြီး သံသယရှိသူ ၁၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

ဆမာရာမြို့တွင် လူ ၄၀ ခန့်ပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ရေနံခိုးယူရန် ကြိုးပမ်းနေစဉ် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုးပြီး အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားမှုကြောင့် အီရတ်လူမျိုးခုနစ်ဦးသေဆုံးသွားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

အီရတ်နိုင်ငံတောင်ပိုင်း ကွတ်မြို့တွင် အီရတ်နိုင်ငံသား ဆန္ဒပြသမားများနှင့် ယူကရိန်းတပ်ဖွဲ့ဝင်များ ရန်းရင်းဆန်ခတ် ဖြစ်ပွားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုက်ဂရစ်မြစ် သန့်ရှင်းရေး ကူညီရန် ဩစတြေးလျကို အီရတ်မေတ္တာရပ်ခံ

ကင်ဘာရာ ဇန်နဝါရီ ၁၄

အီရတ် အုပ်ချုပ်ရေး ကောင်စီသည် ညစ်ညမ်းနေသည့် တိုက်ဂရစ် မြစ်အား သန့်ရှင်းသွားစေရေး အတွက် ကူညီရန် ဩစတြေးလျနိုင်ငံအား အင်္ဂါနေ့တွင် မေတ္တာ ရပ်ခံထားသည်။

အီရတ် နိုင်ငံသည် လူ့ ယဉ်ကျေးမှုတွင် အရေးပါသည့် တိုက်ဂရစ်မြစ် အတွင်းမှ စက်ရုံစွန့် ပစ္စည်းများနှင့် အမှိုက်သရိုက်များ ရှင်းလင်း ဖယ်ရှားရေး အတွက် ဩစတြေးလျနိုင်ငံ၏ သိပ္ပံနည်းကျ ကျွမ်းကျင်မှု များကို လိုအပ်ကြောင်း အီရတ် ပတ်ဝန်းကျင် ရေးရာ ဝန်ကြီး အဗ္ဗဒယ်ရာမန် ကရမ်က အေဘီစီ အသံလွှင့် ဌာနသို့ ပြောကြားသည်။

အီရတ် အစိုးရ အနေဖြင့် မိမိတို့၏ ပတ်ဝန်းကျင် ရေးရာ ကိစ္စများတွင် ကူညီရန်နှင့် အီရတ်ဝန်ထမ်းများအား လေ့ကျင့်ပေးရန် ဩစတြေးလျက အကူအညီပေး လိမ့်မည်ဟု မျှော်လင့်ကြောင်း ဘဂ္ဂဒက်မြို့မှနေ၍ တွေ့ဆုံမေးမြန်းခန်းတွင် အီရတ် ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရန်းရင်း ဆန်ခတ် ဖြစ်ပွား

အီရတ်နိုင်ငံတောင်ပိုင်း ကွတ်မြို့တွင် ယူကရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်နိုင်ငံသားများ ရန်းရင်းဆန်ခတ် ဖြစ်ပွားပြီးနောက်ဒဏ်ရာရသူ အီရတ်နိုင်ငံသား တစ်ဦးအား ဆေးရုံသို့ ခေါ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြောက်ကျားများ ပစ်ခတ်၍ အမေရိကန်ရဟတ်ယာဉ်တစ်စင်း ထပ်မံပျက်ကျ သီတင်းနှစ်ပတ်အတွင်း တတိယအကြိမ် ရဟတ်ယာဉ်ပစ်ချခံရခြင်းဖြစ်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်အား အီရတ်ကျူးကျော်စစ်ပွဲဆင်နွှဲခဲ့မှုနှင့် ပတ်သက်သည့်ဝေဖန်မှုများ ဝါရှင်တန်၌ ထွက်ပေါ်လာချိန်တွင် အီရတ်နိုင်ငံ၌ အမေရိကန်ရဟတ်ယာဉ်တစ်စင်း ထပ်မံပျက်ကျသွားကြောင်းသိရသည်။ ထိုရဟတ်ယာဉ်မှာ ပြောက်ကျားများက ပစ်ချခြင်းဖြစ်ဟန် ရှိသည်ဟုဆိုသည်။

ပျက်ကျသွားသော ရဟတ်ယာဉ်မှာ အပါချီအမျိုးအစားဖြစ်ပြီး ဆန့်ကျင်ခုခံမှုများပြင်းထန်သော ဖော်လူဂျာမြို့အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

— ဆန့်ကျင်ခုခံမှုများ ဆက်လက်ဖြစ်ပွား —

ယခုအဖြစ်အပျက်သည် သီတင်းနှစ်ပတ်အတွင်း တတိယအကြိမ် ရဟတ်ယာဉ် ပစ်ချခံရခြင်းပင်ဖြစ်သည်။ အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်ကိုဖမ်းဆီးမိပြီး တစ်လကြာသည့်တိုင်အောင် အီရတ်နိုင်ငံ၌ ဆန့်ကျင်ခုခံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိဆဲဖြစ်သည်။

— ပစ်ချခံရ —

ရဟတ်ယာဉ်ပျက်ကျသွားသည်ကို မိမိတို့သိရှိကြောင်း၊ ပဏာမအစီရင်ခံစာအရ ပစ်ချခံရခြင်းဖြစ်ကြောင်း သိရှိရသည်ဟု အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထိုရဟတ်ယာဉ်သည် ဒေသစံတော်ချိန် နံနက်၁၀နာရီတွင် ဖော်လူဂျာမြို့၏ အနောက်မြောက်ဘက်မိုင် ၂၀ခန့်အကွာတွင် ပျက်ကျသွားခဲ့သည်။

အခင်းဖြစ်ပွားမှုကြောင့် ရဟတ်ယာဉ်မှူးနှစ်ဦးမှာ သေဆုံးခြင်း မရှိသော်လည်း ဒဏ်ရာရရှိခြင်း ရှိ၊မရှိမသိရသေးဟုဆိုသည်။

— ပျက်ကျ —

လွန်ခဲ့သော ကြာသပတေးနေ့က ဖော်လူဂျာမြို့အနီးတွင် ခုခံရေးသမားများ၏ ပစ်ခတ်မှုကြောင့် ဘလက်ဟော့ခ် ရဟတ်ယာဉ် ပျက်ကျသွားပြီး အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့ရသည်။

ထို့အပြင် ဇန်နဝါရီ ၂ရက်ကလည်း ဒယ်လ်ဘာကီအိုဝါကင်းထောက်ရဟတ်ယာဉ်တစ်စင်းပျက်ကျသွားသဖြင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး အခြားတစ်ဦး ဒဏ်ရာရခဲ့သေးကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ တောင်ပိုင်း ကွတ်မြို့တွင် ဆန္ဒပြသမားများနှင့် ရန်းရင်းဆန်ခတ်ဖြစ်၍ ယူကရိန်းတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံ အမ်မရာမြို့တွင် သီတင်းပတ်ကုန်ပိုင်းက မတည်မငြိမ်ဖြစ်ပွားခဲ့ပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တပ်လှန့်ထားနေစဉ်မှာပင် အီရတ်နိုင်ငံတောင်ပိုင်း ကွတ်မြို့၌ ဆန္ဒပြသမားများနှင့် ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည့်အတွက် ယူကရိန်းတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ယူကရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များက တစ်ဖက်နှင့် ဆန္ဒပြသမားများကတစ်ဖက် တနင်္လာနေ့က အဓိကရုဏ်း ဖြစ်ပွားရာတွင် ယူကရိန်းတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဆန္ဒပြသမားများနှင့် အီရတ်ရဲတပ်ဖွဲ့ဝင် အများအပြားလည်း ဒဏ်ရာရရှိခဲ့ပြီး ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

အစိုးရ အဆောက်အအုံအားစောင့်ကြပ်နေသည့် ယူကရိန်းတပ်ဖွဲ့ဝင်များအား ဆန္ဒပြသမားများက လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ခတ်ခဲ့ကြောင်း ကွတ်မြို့ ယူကရိန်းတပ်ဖွဲ့ဝင်များ၏ ဒုတိယ တပ်မှူးက ပြောကြားသည်။

စနေနေ့က ဆန္ဒပြလူအုပ်ကြီးအား တစ်စုံတစ်ရာ သတိပေးချက် မရှိဘဲ ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သည်ဟု စွပ်စွဲမှုများ ထွက်ပေါ်လာပြီးနောက် ရဲတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရာဒေသများ၌ ခြေကျင် ကင်းလှည့်မှုများကို တိုးမြှင့်ပြုလုပ်ခဲ့သည်။ စနေနေ့က ဖြစ်ပွားသည့် ပစ်ခတ်မှုများကြောင့် လူခြောက်ဦး သေဆုံးခဲ့သည်။

အမ်မရာမြို့တွင် ဆန္ဒပြပွဲများ ထပ်မံဖြစ်ပွားသည်၊ သို့မဟုတ် လုံခြုံရေး အစီအစဉ်များ တိုးမြှင့်ချထားသည်ကို မိမိမသိရှိကြောင်း အီရတ်ရှိ ဗြိတိသျှစစ်ဘက်ဆိုင်ရာ ပြောရေး ဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အင်တာနက်။

လျှပ်စစ်ဓာတ်အားအတွက် နျူကလီးယားနည်းပညာ အသုံးပြုမှု အမေရိကန်ကလက်ခံရန် အီရန်သမ္မတ ခါတာမီတိုက်တွန်း

တီဟီရန် ဇန်နဝါရီ ၁၄

အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်နှင့်နှစ်နိုင်ငံအကြားဆက်ဆံမှုတိုးတက်သည်ကို မြင်တွေ့လိုပါက အီရန်က ငြိမ်းချမ်းသောရည်ရွယ်ချက်များဖြင့် နျူကလီးယားနည်းပညာထုတ်လုပ်မည့် အစီအစဉ်ကို အမေရိကန်ပြည်ထောင်စုလက်ခံရန် အီရန်သမ္မတမိုဟာမက်ခါတာမီက တနင်္လာနေ့က တိုက်တွန်းပြောကြားလိုက်သည်။

အီရန်နိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် လွန်ခဲ့သည့်လက မြေငလျင်လှုပ်ခဲ့ရာ မြေငလျင်ဒုက္ခသည်များအား အမေရိကန် ပြည်ထောင်စုက သက်သာချောင်ချိရေးဆိုင်ရာ အကူအညီများပေးခဲ့မှုနှင့် စပ်လျဉ်း၍ အီရန်နှင့်အမေရိကန်နှစ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုတို့က ရန်သူအဖြစ်ရှိခဲ့သည့် နှစ်နိုင်ငံသည်ပြန်လည်သင့်မြတ်စေသည့် လက္ခဏာအချို့ပေါ်ပေါက်ခဲ့ပြီး အမေရိကန်က အီရန်နှင့် ဆွေးနွေးပွဲပြန်လည်လုပ်ဆောင်ရန် တိုက်တွန်းခဲ့သည့် အခြေအနေသို့ရောက်ရှိစေခဲ့သည်။

သို့ရာတွင် အီရန်ကအမေရိကန်ပြည်ထောင်စုနှင့် လွန်ခဲ့သည့် မေလက ပျက်ပြားသွားခဲ့သည့် အကန့်အသတ်ဖြင့်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲပြန်စရန် အမေရိကန်၏ကမ်းလှမ်းချက်ကို ခါးခါးသီးသီးငြင်းဆိုခဲ့ပြီး အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အီရန်နှင့်ပတ်သက်၍ သဘောထားကို ပထမဆုံးပြောင်းပစ်ရန် စောဒကတက် ပြောကြားခဲ့သည်။

သမ္မတခါတာမီက အီရန်နိုင်ငံ၏ နျူကလီးယားလက်နက်အစီအစဉ်အပေါ် အမေရိကန်၏ ဝေဖန်မှုကိုရွေးထုတ်၍ ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ရည်ရွယ်ခြင်းသာဖြစ်ပြီး ဗုံးထုတ်လုပ်ရန်မဟုတ်ကြောင်း၊ အီရန်ရှိ နျူကလီးယားစက်ရုံများကို ရှောင်တခင် စစ်ဆေးရန်ထိန်းကွပ်ထားသည့် နိုင်ငံတကာစာချုပ်တစ်ရပ်ကိုလည်း လွန်ခဲ့သည့်လအတွင်းက လက်မှတ်ရေးထိုးခဲ့ကြောင်း ခါတာမီကပြောကြားသည်။

မှားယွင်းစွပ်စွဲ

မိမိတို့တွင် နျူကလီးယားလက်နက်များရှိသည်ဟု အမေရိကန်များက မှားယွင်းစွပ်စွဲခဲ့ကြောင်းဖြင့် ခါတာမီကတီဟီရန်တွင် ပြုလုပ်သည့်ဝန်ကြီးအဖွဲ့အစည်းအဝေးအပြီးတွင် သတင်းထောက်များအားပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဇန်နဝါရီ ၁၄ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အီရတ်အမျိုးသားတစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ခေါင်းဆောင်ဟောင်းဆက်ဒမ်ဟူစိန်အား အကျဉ်းသားတစ်ဦးအဖြစ်မှ လွှတ်ပေးရမည် စီအင်န်အင်န် အိုးပင်းဖိုရမ်၌ဖော်ပြ

ဝါရှင်တန် ဇန်နဝါရီ ၁၃

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည့် အီရတ်စစ်ပွဲနှင့် ပတ်သက်ပြီး မိမိတို့၏ ထင်မြင်ယူဆချက်များကို ကမ္ဘာ့နိုင်ငံအသီးသီးမှ စီအင်န်အင်န်သတင်းဌာန အိုးပင်းဖိုရမ် အစီအစဉ်သို့ ဆက်လက်ရေးသားပေးပို့လျက်ရှိကြရာ နယ်သာလန်နိုင်ငံမှ ရှုမြင်သုံးသပ်သူတစ်ဦး ရေးသားပေးပို့လိုက်သည်မှာ ဆက်ဒမ်ဟူစိန်ထံတွင် လူအစုအပြုံလိုက် သေစေနိုင်သည့် မည်သည့်လက်နက်အမျိုးအစားမှ မရှိဆိုသည်ကို သက်သေထင်ရှားနေပြီဖြစ်ကြောင်း။ ယင်းလက်နက်မျိုးကို ပိုင်ဆိုင်မထားဆိုသည်မှာ နိုင်လုံနေခြင်းကြောင့် ဆက်ဒမ်ဟူစိန်ကို အကျဉ်းသားတစ်ယောက်အဖြစ် ထိန်းချုပ်ထားရန် အကြောင်းမရှိတော့ကြောင်း၊ ၎င်းကို လွှတ်ပေးရမည်ဖြစ်ကြောင်း ရေးသားထားသည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အီရတ်သို့လက်နက်ရောင်းသည်ဆိုသော အမေရိကန်စွပ်စွဲချက် မဟုတ်မှန်ကြောင်းရုရှားကုမ္ပဏီကငြင်းဆို

မော်စကို ဇန်နဝါရီ ၁၄

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အစိုးရထံသို့ လက်နက်ပစ္စည်းများရောင်းချသည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်းဖြစ် ရုရှားကုမ္ပဏီတစ်ခုကငြင်းဆိုလိုက်သည်။

လက်မှတ်မထိုးခဲ့

၁၉၉၆ ခုနှစ်တွင် နိုင်ငံတကာလက်နက်ဈေးကွက်သို့ လွတ်လပ်စွာရောင်းချခွင့်ရပြီးကတည်းက မိမိတို့ကုမ္ပဏီသည် အီရတ်နှင့်မည်သည့်ကန်ထရိုက်စာချုပ်မျှ လက်မှတ်မထိုးခဲ့ကြောင်း၊ ထို့ပြင် အီရတ်နိုင်ငံသို့ လက်နက်တင်ပို့ခြင်းလည်း မပြုလုပ်ကြောင်း ကေဘီပီအရာရှိက အီတာတာစ့်သတင်းဌာနသို့ ပြောကြားသည်။

စွပ်စွဲ

၂၀၀၃ ခုနှစ် မတ်လအတွင်း အီရတ်သို့စစ်ဆင်တိုက်ခိုက်စဉ် အီရတ်အစိုးရသို့ စစ်လက်နက်ပစ္စည်းများ ရောင်းချသည်ဟူ၍ အမေရိကန်အစိုးရကစွပ်စွဲသည့် ရုရှားကုမ္ပဏီများအနက် ကေဘီပီတူလာပါတီမှာ တစ်ခုဖြစ်သည်။

ထို့ပြင် ထိုကုမ္ပဏီကလက်နက်များဝယ်သည့် အစိုးရများအနေဖြင့် လက်နက်များကို တတိယနိုင်ငံများသို့ ပြန်မရောင်းရန် တာဝန်ယူကြောင်း၊ ယခုအချိန်အထိ မိမိတို့လုပ်ဖော်ကိုင်ဖက်များသည် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း သက်သေခံတစ်စုံတစ်ရာမျှ မိမိတို့မရရှိကြောင်း ဗယ်လာရီက ပြောဆိုသည်။

အင်တာနက်။

ကင်းလှည့်စောင့်ကြပ်

ဇန်နဝါရီ၁၄ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် အမေရိကန် အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ သတင်းများ

အမေရိကန်တပ်ဖွဲ့များ အီရတ်၌ စစ်ရာဇဝတ်မှုကျူးလွန် စောင့်ကြည့်ရေးအဖွဲ့ စွပ်စွဲ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အမေရိကန်တပ်ဖွဲ့ဝင်များသည် ခုခံတွန်းလှန်သူများအဖြစ် မသင်္ကာသူများ၏ နေအိမ်များကို ဖြိုချဖျက်ဆီးပြီး ထွက်ပြေးတိမ်းရှောင်နေသည့် အီရတ်များ၏ ဆွေမျိုးသားချင်းများကို ဖမ်းဆီးခြင်းဖြင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်သည်ဟု စောင့်ကြည့်ရေး အဖွဲ့တစ်ဖွဲ့က အင်္ဂါနေ့တွင် စွပ်စွဲလိုက်သည်။

မိမိတို့သည် လက်နက်များ သိမ်းဆည်းထားသိုခြင်း သို့မဟုတ် တိုက်ခိုက်ရေးအတွက် အသုံးပြုသည့် နေအိမ်များကိုသာ ဖျက်ဆီးခြင်းဖြစ်ကြောင်း ပြောကြားကာ အမေရိကန်တပ်ဖွဲ့ဝင်များက စောင့်ကြည့်ရေးအဖွဲ့၏ စွပ်စွဲချက်များကို ပယ်ချလိုက်သည်။

ဖမ်းဆီးထိန်းသိမ်းလိုက်သည့်အီရတ်များမှာလည်း အမေရိကန် ဦးဆောင်သည့်တပ်များအား တိုက်ခိုက်ရာတွင် ပါဝင်ပတ်သက်သည်ဟု သင်္ကာမကင်းသူများဖြစ်သည်ဟူ၍လည်း အမေရိကန်တပ်ဖွဲ့ဝင်များက စောဒကတက်လိုက်သည်။ တပ်ဖွဲ့ဝင်များအနေဖြင့် လက်နက်ကိုင်ခုခံတိုက်ခိုက်မှုကို နှိမ်နင်းနိုင်ကြောင်း၊ သို့သော် တိုက်ခိုက်ရေးတွင် အသုံးပြုမှသာလျှင် အရပ်ဘက်အဆောက်အအုံကို ဖျက်ဆီးနိုင်ခြင်းဖြစ်သည်ဟု စောင့်ကြည့်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ကက်နက်ရော့သ်က ပြောဆိုသည်။ ***အင်တာနက်။***

အီရတ်ယာဉ်မောင်းနှင့် ကလေးငယ်တစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက သတ်ဖြတ်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

ဘဂ္ဂဒက်မြို့တွင် အမေရိကန်ကြည်းတပ် မော်တော်ယာဉ်တစ်စီး လမ်းဘေးဗုံးခွဲခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက မော်တော်ကားတစ်စီးကို သေနတ်ဖြင့်ပစ်သဖြင့် ယာဉ်မောင်းနှင့် ၁၀ နှစ်အရွယ် ကလေးတစ်ဦး သေဆုံးကြောင်း ဆွေမျိုးသားချင်းများက အင်္ဂါနေ့တွင် ပြောဆိုသည်။

တနင်္လာနေ့က ဗုံးခွဲမှုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။ ဇန်နဝါရီ ၁၄ ရက်အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၄၉၆ ဦး ရှိသွားပြီဖြစ်ပြီး သေဆုံးသူအများစုမှာ အီရတ်၌တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ် မေလ ၁ ရက်နေ့က ကြေညာပြီးနောက် သေဆုံးခြင်းဖြစ်သည်။

တနင်္လာနေ့က ပစ်ခတ်မှုမှာ ရှေ့လတွင်စတင်မည့် အမေရိကန်တပ်ဖွဲ့ဝင်များ တပ်လှဲလှယ်ခြင်းမပြုလုပ်မီ အီရတ်၌ တာဝန်ထမ်းဆောင်မှု ပြီးဆုံးခါနီးတွင် အမေရိကန် တပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြင့် အရပ်သားနောက်ဆုံး သေဆုံးရမှု ဖြစ်သည်။

အပေါင်းပါတပ်ဖွဲ့ဝင်များကလည်း ယခုလဆန်းပိုင်းက တီကရစ်မြို့အနီး တက္ကဆီကားတစ်စီးအား ပစ်ခတ်ရာ၌ ခုနစ်နှစ်အရွယ်ကလေးတစ်ဦးအပါအဝင် အီရတ်အရပ်သားလေးဦးကို ပစ်သတ်ခဲ့ကြောင်း အမေရိကန်ထိပ်တန်းစစ်ဘက်အရာရှိတစ်ဦးက အင်္ဂါနေ့တွင် ပြောဆိုသည်။

ဇန်နဝါရီ ၃ ရက်နေ့ ပစ်ခတ်မှုကို ပဏာမစုံစမ်းစစ်ဆေးတွေ့ရှိချက်အရ စက်သေနတ်ဖြင့် ပစ်ပုံရသည်ဟု ဒုတိယဗိုလ်မှူးကြီး စတိရပ်ဆယ်က ပြောဆိုသည်။

အင်တာနက်။

သယ်ယူ

ဇန်နဝါရီ၁၃ ရက်က ပြောက်ကျားများ၏ ပစ်ခတ်မှုကြောင့် အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး လယ်ကွင်းထဲ ပျက်ကျခဲ့သည့် ဒလက်မဲ့ အပါချီရဟတ်ယာဉ်ကို အမေရိကန် တပ်ဖွဲ့ဝင်များ သယ်ယူနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖော်လူဂျာမြို့တွင်အမေရိကန်တို့၏ မဆင်မခြင်ပစ်ခတ်မှုကြောင့် အဘွားအိုတစ်ဦးနှင့် အမျိုးသားသုံးဦး သေဆုံးခဲ့ရ

ဖော်လူဂျာ (အီရတ်) ဇန်နဝါရီ ၁၄

အမေရိကန် တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံ ဖော်လူဂျာမြို့လယ်တွင် ရော့ကက်ဖြင့် ပစ်ခတ်ခံရပြီးနောက် သေနတ်ဖြင့် ပြန်လည်ပစ်ခတ်သဖြင့် အီရတ်အရပ်သားလေးဦး သေဆုံးခဲ့သည်ဟု အင်္ဂါနေ့က မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲကျင်းပပြီးနောက် ဘဂ္ဂဒက်မြို့တော်၏ အနောက်ဘက်ရှိ ဖော်လူဂျာမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ဆန္ဒပြပွဲကျင်းပရာ နေရာအနီးရှိ နေအိမ်တစ်အိမ်မှ အီရတ်အဘွားအိုတစ်ဦးနှင့် ကားတစ်စီးအတွင်းမှ အီရတ်အမျိုးသားသုံးဦးတို့ သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ရော့ကက်နှစ်စင်းဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်ခတ်ခဲ့ကြောင်း အနီးတစ်ပိုက်ရှိ စီးကရက်ရောင်းသူ အသက် ၁၅ နှစ်အရွယ် အီရတ်လူငယ်တစ်ဦးဖြစ်သည့် ခါလက်စ်အာမက်က ပြောသည်။ အမေရိကန်က တုံ့ပြန်ပစ်ခတ်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် အနီးရှိ အိမ်တစ်အိမ်၏ လသာဆောင်ပေါ်မှ အီရတ်အမျိုးသမီးကြီးတစ်ဦးသေဆုံးပြီး ဖြတ်သန်းသွားသည့် ကားတစ်စီးမှာလည်း ကျည်ဆန်များကြားတွင် ပိတ်မိကာ ကားပေါ်မှ အမျိုးသားသုံးဦးစလုံး သေဆုံးခဲ့ကြောင်း အခြားမျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းအဖြစ်အပျက်နှင့် ပတ်သက်၍ အသေးစိတ်မသိရှိရသေးကြောင်း ဘဂ္ဂဒက်မြို့ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဘဂ္ဂဒက်မြို့လယ်တွင်ဗုံးကွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် တနင်္လာနေ့က အမေရိကန် မော်တော်ယာဉ်တန်းတစ်ခုအနီး ဗုံးတစ်လုံးပေါက်ကွဲရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်တပ်က ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်များသည် အမှတ်(၁) သံချပ်ကာတပ်မမှ ဖြစ်ကြောင်း စစ်ဘက်၏ကြေညာချက်တွင် ဖော်ပြထားသည်။

ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရန်အတွက် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့သည့် နောက်ပိုင်း အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၃၄၃ ဦး ရှိသွားပြီဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ ဆန်နှစ် အာဆီယံကျင်းပ

ဂျကာတာ ဇန်နဝါရီ ၁၄

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဝင် ၁၀ နိုင်ငံသည် နိုင်ငံတကာဆန်နှစ် အထိမ်းအမှတ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် နိုင်ငံတကာဆန်နှစ်ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အင်္ဂါနေ့က ကျင်းပသည်။

အာဆီယံဌာနချုပ်တွင် ကျင်းပသည့် အဆိုပါ အခမ်းအနားကို အာဆီယံအတွင်းရေးမှူးချုပ် အွန်ကန်ယွန်က ဖွင့်လှစ်ပေးပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) လက်ထောက်ညွှန်ကြားရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဆိုင်ရာ ဌာနေကိုယ်စားလှယ် ဟီချန်ချိုင်းနှင့် အာဆီယံနိုင်ငံများ၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ သံအမတ်အကြီးများ တက်ရောက်ကြသည်။

ဆန်သည် ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်၏ အဓိက အစားအစာ ဖြစ်နေသည့်အတွက် ၂၀၀၄ ခုနှစ်တွင် နိုင်ငံတကာဆန်နှစ်အဖြစ် ကြေညာထားကြောင်း ချန်ချိုင်းက အခမ်းအနားတွင် ပြောကြားသည်။

အာဆီယံအတွင်းရေးမှူးရုံးက ရရှိသည့် ကိန်းဂဏန်းများအရ အာဆီယံနိုင်ငံများသည် ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၄၂ ရာခိုင်နှုန်းကျော်ရှိရာ စုစုပေါင်း ကမ္ဘာ့ဆန်ထွက်ရှိမှု မက်ထနစ် တန်ချိန် ၂၃ ဒသမ ၄၂၈ သန်းအနက် ၉ ဒသ ၈သန်း ထွက်ရှိနေသည်ဟု သိရသည်။

ဆင်ဟွာ။

သံယုတ္တနိကာယ်
မြန်မာပြန်သင်တန်း
တက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ပစ္စယံရှိ မင်္ဂလာဗျူဟာ အဖွဲ့ချုပ်တွင် နိဒါနဝဂ္ဂအန္တဝဂ္ဂ၊ သဠာယတနဝဂ္ဂ၊ မဟာဝဂ္ဂ အပိုင်းများကို ဇန်နဝါရီ ၁၇ ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ သုံးလတိုင်တိုင် မိုးကုတ်ဓမ္မကထိကများဖြစ်ကြသော ဒေါက်တာဦးကျော်မြင့်နှင့် ဒေါ်ဝိမလစာရီတို့က ပို့ချသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ မည်သူမဆို အခမဲ့တက်ရောက်နိုင်သည်ဟု သိရသည်။

(က-ပ)

ငြိမ်းချမ်းသာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံများ လုံလောက်စွာတည်ဆောက်ပေးထား နိုင်ငံရေးအရ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်ပြီးဖြစ် နိုင်ငံသားများ၏ စီးပွားရေးဘဝ ဖူလုံတိုးတက်နေအောင် အားလုံးကြိုးပမ်းအားထုတ်အကောင်အထည်ဖော်

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆို

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မြစ်ကြီးနားလေဆိပ်တွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဘိုကြည်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မြစ်ကြီးနားမြို့ အစိုးရ နည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးလှမျိုးအောင်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အီလက်ထရောနစ်နှင့် လျှပ်စစ်ဆက်သွယ်ရေးဌာန၊ လျှပ်စစ်စွမ်းအားဌာန၊ စက်မှုစွမ်းအားဌာနတို့ရှိ သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ အလုပ်ရုံများနှင့် ကွန်ပျူတာခန်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဦးလှမျိုးအောင်က မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် စတင်ဖွင့်လှစ်ခဲ့မှု၊ သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု၊ ဆရာ၊ ဆရာမနှင့် ဝန်ထမ်းအင်အား အခြေအနေများကိုရှင်းလင်းတင်ပြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာ၌ ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နိုင်ငံတော်က စီမံချက်များချမှတ်၍ ပြုစုပျိုးထောင်ပေးလျက်ရှိရာ ဤကောလိပ်မှ ဆရာ၊ ဆရာမများအပါအဝင် ပညာတတ်များစွာသည် မျိုးဆက်သစ် လူ့အရင်းအမြစ်များ အဖြစ် ပေါ်ထွက်လာနေပြီဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ကျောင်းသားများအား ပညာတတ်များဖြစ်အောင် သင်ကြားမွေးထုတ်ရင်း မိမိတို့ ကိုယ်တိုင်လည်း ယခုထက်အဆင့်မြင့်သည့် ပညာရပ်များကို ဆက်လက်ဆည်းပူးကာ နည်းပညာရပ်ဆိုင်ရာ တီထွင်မှုများ ပြုလုပ်သွားကြရန်လိုကြောင်း။

ထို့ပြင် မိမိတို့ ကျွမ်းကျင်တတ်မြောက်သည့် အတတ်ပညာများနှင့် ဖွံ့ဖြိုးလာနေသော ပုဂ္ဂလိက စက်မှုလုပ်ငန်းများအကြား ညှိနှိုင်းပေါင်းစပ်မှုများပြု၍ နိုင်ငံတော်အတွက် လိုအပ်သော ထုတ်ကုန်ပစ္စည်း အမယ်သစ်များ၊ သွင်းကုန်အစားထိုး စက်ပစ္စည်းကိရိယာများကို တီထွင်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ မြစ်ကြီးနားတက္ကသိုလ် ခန်းမဆောင်၌ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နှုတ်ဆက်အားပေး

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ်မှ ဆရာ၊ ဆရာမများအား ရင်းနှီးစွာနှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မူးယစ်ဆေးစွဲရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြသည်။

ထို့နောက် ဆေးရုံအုပ်ကြီးရုံးခန်း၌ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်သော်က မူးယစ်ဆေးစွဲရောဂါကု ဆေးရုံကြီး၌ မူးယစ်ဆေးစွဲလူနာများအား လက်ခံကုသပေးမှုများ၊ လူနာများအားကုသရာတွင် စိတ်ပိုင်းဆိုင်ရာသာမက ကိုယ်ခန္ဓာပိုင်းဆိုင်ရာများပါ ပြန်လည်ပြုစုပျိုးထောင်ပေးမှုများ၊ မူးယစ်ဆေးဝါး အန္တရာယ် ပညာပေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မူးယစ်ဆေးစွဲရောဂါကု ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့သည် ဆေးရုံညွှန်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ခုတင် ၃၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ခေတ္တပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာရင်ငြိမ်း၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအားအမျိုးသား၊ အမျိုးသမီး လူနာဆောင်များ၊ ခွဲစိတ်ခန်းမကြီး၊ အထူးကြပ်မတ်ကုသခန်း၊ အစာအိမ်မှန်ပြောင်းကြည့်ခန်း၊ ခွဲစိတ်လူနာဆောင်တို့ကို တာဝန်ရှိသူများက လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် ဆေးရုံကြီးခန်းမဆောင်၌ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်တွေ့ဆုံရာ ခေတ္တပြည်နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာရင်ငြိမ်းက ခုတင် ၃၀၀ ဆံ့အထွေထွေရောဂါကုဆေးရုံကြီးတွင် လူနာများအား ပြုစုကုသပေးမှုများ၊ ဆေးပဒေသာပင်စိုက်ပျိုးထုတ်လုပ်နိုင်မှုများနှင့် ဆေးရုံကြီး၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ မြစ်ကြီးနားတက္ကသိုလ် အဝင်မုခ်ဦး တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

☆ စာမျက်နှာ ၆ မှ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကျန်းမာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ဆွေးနွေးမှာကြားရာ၌ နိုင်ငံသူ နိုင်ငံသားများ၏သက်တမ်းကို ကြည့်ပါက အမျိုးသားများသည် ပျမ်းမျှ (၆၂)နှစ်ခန့်၊ အမျိုးသမီးများသည် (၆၅)နှစ်ခန့် ရှိကြသဖြင့် သက်တမ်း ပိုရှည်လာသည်ကို စိစစ်တွေ့ရကြောင်း၊ ထို့ပြင် ၂၀၀၃ခုနှစ်၌ မြန်မာနိုင်ငံ အနေဖြင့် အနာကြီးရောဂါကင်းစင်သည့်နိုင်ငံ၊ ပိုလီယိုရောဂါ ကင်းစင်သည့်နိုင်ငံ၊ တီဘီရောဂါကို တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးဖြင့် လွှမ်းခြုံကုသနိုင်သည့် နိုင်ငံအဖြစ်လည်း ကမ္ဘာသိကြေညာနိုင်ခဲ့ပြီဖြစ်ကြောင်း။

အလားတူ ကိုယ်ချင်းဆက်အမြွှာ ခွဲစိတ်အောင်မြင်မှုများ၊ ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသမှုများ၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုများစသည်ဖြင့် ကုသမှုဆိုင်ရာအောင် မြင်မှုများသည် ကျန်းမာရေးကဏ္ဍ၏ ထူးခြားသော အောင်မြင်မှုရလဒ်များပင်ဖြစ်ကြောင်း။

ဤသည်တို့မှာ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များနှင့် အညီ ကျန်းမာရေးဝန်ထမ်းများက ပြည်သူတို့အပေါ် ပြုစုစောင့်ရှောက်နိုင်မှုများလည်း ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး ဆေးရုံကြီး၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ဆက်စပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အထွေထွေရောဂါကုဆေးရုံကြီးမှတစ်ဆင့် မြစ်ကြီးနားတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်နှင့် ပါမောက္ခများက ကြိုဆိုကြသည်။

ထို့နောက် တက္ကသိုလ်ခန်းမဆောင်၌ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ သရုပ်ပြများ၊ နည်းပြများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ် ဦးသင်းလှိုင်က မြစ်ကြီးနားတက္ကသိုလ်၏ သက်တမ်း၊ သင်ကြား/စီမံ ဝန်ထမ်းအင်အား၊ သင်ကြားပေးနိုင်သည့် ဘာသာရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားမှု၊ တက္ကသိုလ်၏ သုတေသနလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက မှာကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဖွံ့ဖြိုးမှုလုပ်ငန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ရာ၌ နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ဝန်ထမ်းများ၊ ပြည်သူများက တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်လာမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုများစွာကို နေရာမလပ် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ယခုအခါ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအသီးသီးတွင် လိုအပ်သည့် အခြေခံအဆောက်အအုံများကို လုံလောက်စွာ တည်ဆောက်ပေးပြီး ဖြစ်သကဲ့သို့ အဆက်မပြတ် တည်ဆောက်နေမှုများကိုလည်း ပြုလုပ်လျက်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် နိုင်ငံရေးအရ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ပြီးဖြစ်ရာ ယင်းလုပ်ငန်းများကို တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခြင်းနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသားများ၏ စီးပွားရေးဘဝ ဖူလုံတိုးတက်နေအောင်၊ ပညာတတ်မြောက်မှု အခြေခံမြင့်မားနေအောင် မိမိတို့အားလုံး ကြိုးပမ်းအားထုတ် အကောင် အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့ကျရာ အခန်းကဏ္ဍမှနေ၍ ဝိုင်းဝန်းပူးပေါင်း အကောင်အထည် ဖော်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်၏ Microbiology Laboratory နှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နှစ်ထပ်စာသင်ဆောင် တည်ဆောက်ခြင်း လုပ်ငန်းများ၊ တက္ကသိုလ်ဧရိယာအတွင်း စာတိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးနေမှု၊ စာသင်ဆောင်များနှင့် နားနေဆောင် တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အဓိပတိလမ်းနှင့် တက္ကသိုလ် အဝင်မုခ်ဦး တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံကျောင်းအုပ် ဒေါ်ခင်သန်းမြက အစိုးရကွန်ပျူတာကောလိပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Ever Green ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အစိုးရကွန်ပျူတာကောလိပ်ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် မြစ်ကြီးနားမြို့ ပမ္မတီးကျေးရွာအနီး တည်ဆောက်မည့် အစိုးရနည်းပညာကောလိပ်တည်ဆောက်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ပန္နက်တင် မင်္ဂလာအခမ်းအနား မင်္ဂလာသြဘာစာ ဖတ်ကြားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တို့သည် သတ်မှတ်ထားသည့် နေရာတို့၌ ပန္နက်များကို ပြိုင်တူတင် ပေးကြသည်။ ထို့နောက် ပန္နက်တိုင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ရွှေမိုးငွေမိုး ရွာသွန်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် အစိုးရနည်းပညာကောလိပ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စက်မှုလက်မှု ရပ်ကွက်သို့ ရောက်ရှိကြပြီး စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြစ်ကြီးနားမြို့ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးမြင့်ထွန်းက စက်မှုလက်မှု ရပ်ကွက် ဖြစ်ပေါ်လာပုံ၊ သံပန်း သံတံခါး၊ တွင်ခုံသံဂဟေ လုပ်ငန်းများ လုပ်ကိုင်နေမှု၊ စက်မှုလက်မှုရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ပံ့ပိုးအားပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းရှင်များက စက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက စက်မှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက အားပေးနေမှုအခြေနေများကိုလည်းကောင်း၊အခြားစက်မှုဇုန်များကို သွားရောက်လေ့လာပြီး မြစ်ကြီးနားမြို့ စက်မှုလက်မှုရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းသင့်သည်များကိုလည်းကောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စက်မှုလက်မှုရပ်ကွက်မှ လုပ်ငန်းရှင်များ တီထွင်ထုတ်လုပ်ထားသည့် စပါးခြွေစက်၊ နွားစာစင်းစက်၊ နှစ်ထပ်ထွန်၊ မြေစာခဲချေ ကိရိယာ၊ စပါးကြားပေါင်းလိုက်ကိရိယာ၊ပေါင်းရှင်းကိရိယာ စသည့် လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်တာဘိုင်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆန်မှုန့်ကြိတ်စက်၊ ဖောက်စက်၊ သံရည်ကျို ပစ္စည်းများကိုလည်းကောင်း၊ မော်တော်ယာဉ်ငယ်များနှင့် သုံးဘီးဆိုင်ကယ်ထုတ်လုပ်ထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြည်ကျော် စက်မှုလက်မှုလုပ်ငန်းကို ဝင်ရောက်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ကူးဗလမင်းထင်တံတားအနီး ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ကချင်ပြည်နယ် အထူးဒေသ (၂)မှ ဒေသဖွံ့ဖြိုးရေးတာဝန်ခံ ဦးဆင်ဝါးနောင်က မလိရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မလိရေအားလျှပ်စစ်စီမံကိန်း စီမံကိန်းအင်ဂျင်နီယာ ဦးထွန်းလွင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ၂၀၀၄ခုနှစ် နှစ်ကုန်ပိုင်းတွင် စီမံကိန်း လုပ်ငန်းများ ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း ပြည်နယ် အင်ဂျင်နီယာ ဦးဘငွေက မလိရေအားလျှပ်စစ်စီမံကိန်းမှ ရရှိလာမည့်ဓာတ်အားများကို မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့သို့ စနစ်တကျ တိုးမြှင့်ဖြန့်ဖြူးနိုင်ရန် စီစဉ်ထားမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●

မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ် ပုံစံငယ်

မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ် ပုံစံငယ်အား တွေ့ရစဉ်။ (သတင်းစဉ်)



ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❒ **နိုင်ငံတော်မှ**

(မြိတ်မြို့)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြဇင်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဇင်က သင်ကြားစီမံကိန်းရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပင်မဆောင်တည်ဆောက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ နားနေဆောင်တည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ စန္ဒဝတီကုန်းတော်ရှိ မဟာသိဒ္ဓိဇယစေတီတော်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော် ဂန္ဓကုဋိတိုက်ရှိ ဗုဒ္ဓရုပ်ပွားတော်နှင့်စေတီတော်၌ တင်လှူပူဇော်မည့် ထီးတော်ကြီးနှင့် အရံစေတီတော်များကို ဖူးမြော်ကြည်ညိုကြသည်။

မှာကြား

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက မဟာသိဒ္ဓိဇယစေတီတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်တင့်တယ်သပ္ပာယ်ရေး၊ အရှည်တည်တံ့ခိုင်ခံ့ရေး၊ မြန်မာမှု ထည့်သွင်းရေးအတွက် လိုအပ်သည်များမှာကြားသည်။

တနင်္သာရီတိုင်း မြိတ်မြို့ရှိ အစိုးရကွန်ပျူတာကောလိပ်(မြိတ်မြို့) စာသင်ဆောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း မြိတ်မြို့ရှိ မြိတ်တက္ကသိုလ် စာသင်ဆောင် အဆောက်အအုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော်အတွက် ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် လိုက်ပါလာကြသော ဝန်ကြီးဌာနအသီးသီးမှ ဝန်ကြီးများ၏ စုပေါင်းလှူဒါန်းငွေ ကျပ်၂၅သိန်း၊ ဧကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ် သိန်း၃၀၀၊ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ် သိန်း၁၀၀၊ ပြည့်ဖြိုးထွန်းကုမ္ပဏီက ငွေကျပ် ၆၃သိန်း၊ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်း(တနင်္သာရီ)လီမိတက်က ငွေကျပ် ၆၃သိန်း၊ ထူးထူးတိုး ရေလုပ်ငန်းကုမ္ပဏီက ငွေကျပ် ၆၃သိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သိန်း၅၀၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်က ငွေကျပ် သိန်း၅၀၊ မွန်ငြိမ်းချမ်းရေးအဖွဲ့က ငွေကျပ် ၃၆သိန်း၊ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သိန်း၂၀၊ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သိန်း၂၀၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သိန်း၂၀၊ အဆောင်ကောင်း ရေလုပ်ငန်း ကုမ္ပဏီက ငွေကျပ်၁၀သိန်း၊ မိုးကောင်းဆီအုန်းကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ဦးစိုင်းကျော်(Paradise Hotel)က ငွေကျပ် နှစ်သိန်း၊ ဦးအင်ဟုန်က ငွေကျပ် ၃၅၀၀၀၀၊ ဦးစောဂျက်(အဏ္ဏဝါစိုးကုမ္ပဏီ)က ငွေကျပ် ၃၆သိန်း၊ သီတာရေလုပ်ငန်းကုမ္ပဏီက ငွေကျပ် ၁၀၅၀၀၀၀၊ ဗင့်တော့ကုမ္ပဏီနှင့်ဆန်းမစ်ကုမ္ပဏီတို့က ငွေကျပ် ၆၃သိန်း၊ ဦးမောင်ဝင်း(ကန်ဖျား)က ငွေကျပ် ၃၅၀၀၀၀၊ ဒေါက်တာစိုးဝင်းက ငွေကျပ် ငါးသိန်း၊ တက်နေကုမ္ပဏီက ငွေကျပ် ၃၆သိန်း၊ ဦးခင်ဇော် (Tour Mandalay)က ငွေကျပ် ငါးသိန်းအပါအဝင် အလှူရှင်များက ငွေကျပ် ၁၀၂၅သိန်းကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုကလက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြိတ်တက္ကသိုလ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချို၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် မြိတ်တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က မြိတ်တက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ကွန်ပျူတာ ၈၄လုံး အသုံးပြုသင်ကြားလျက်ရှိသော IT Centre Room များ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့်ခန့်ထားပြီးအင်အား၊ တည်ဆောက်ရေးများအခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးကျော်မြင့်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘွဲ့နှင်းသဘင်ခန်းမပါသော ပင်မဆောင်တည်ဆောက်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံလက်တွေ့ခန်း၌ ခင်းကျင်းပြသထားသော ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကိုကြည့်ရှုပြီး အဏ္ဏဝါသိပ္ပံဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး(မြိတ်မြို့)သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းလွင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

တိုးတက်နေသော

တနင်္သာရီတိုင်း

မြိတ်မြို့



ဖွံ့ဖြိုး တိုးတက်နေသော တနင်္သာရီတိုင်း မြိတ်မြို့အား တွေ့ရစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

အပြည်ပြည်ဆိုင်ရာ ငါးဈေးကြီး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၁၃ရက်က တနင်္သာရီတိုင်း မြိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ငါးဈေးကြီးတွင် ပုဂ္ဂလိက ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုကြစဉ်။
(သတင်းစဉ်)



ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သွားနှင့်ခံတွင်းရောဂါကုဌာန၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသလူနာခန်း၊ ဇီဝဓာတုဗေဒခန်း၊ ဓာတ်မှန်ခန်းများ၊တီဗွီဓာတ်မှန်ခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

နေရာရွေးချယ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မခွဲစိတ်ကုသဆောင်တည်ဆောက်ရန် နေရာရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဆေးရုံခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာငွေးလွင်တို့က ကုသရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ပူဇော်ကန်တော့

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်သို့ရောက်ရှိကြပြီး ရှေးဦးစွာ သမုတ်သိမ်၌ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လေးကျွန်းဆီမီးစေတီတော်ကို ပူဇော်ကြည်ညိုကြပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အပြည်ပြည်ဆိုင်ရာ ငါးဈေးကြီးသို့သွားရောက်ကြပြီး ပုဂ္ဂလိက ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုကြသည်။

တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ တိုင်း၊ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြရာတွင် တနင်္သာရီတိုင်းတွင် ယမန်နှစ်က ဒေသဆန်ဖူလုံမှုမှာ ၇၄ဒသမ ၈၇ရာခိုင်နှုန်းဖူလုံခဲ့ပြီး ယခုနှစ်တွင် ၈၆ဒသမ ၂၅ရာခိုင်နှုန်းဖူလုံရန် မျှော်မှန်းထားကြောင်း၊ ယခုနှစ် ၂၀၀၃–၂၀၀၄ခုနှစ်တွင် မိုးစပါးဧက ၂၈၃၆၄၀ စိုက်ပျိုးရန် လျာထားသည့်အနက် ၂၇၉၇၂၆ဧကသော စိုက်ပျိုးနိုင်ခဲ့သဖြင့် လျော့နည်းဧကများ ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နွေစပါး ဧက၂၀၁၀၀ အပြင် ယာစပါးမျိုးဧက ၃၃၀၀၀ စမ်းသပ်စိုက်ပျိုးရေးကိုပါ စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း။

ဆီအုန်းကုမ္ပဏီများအပြင် လူတစ်ကိုယ်ဆီအုန်းတစ်ပင် စိုက်ပျိုးရေး၊ ကျေးရွာများတွင် တစ်အုပ်တစ်မစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရေး စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်နှစ် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ဆီအုန်း ၁၈၅၇၇ဧက စိုက်ပျိုးရန် လျာထားစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ရော်ဘာဧက နှစ်သိမ်းစိုက်ပျိုးရန် လျာထားချက်အပေါ် ယနေ့အထိ ၁၀၄၆၄၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း။

သားငါးထုတ်လုပ်မှု

သားငါးထုတ်လုပ်မှုအနေဖြင့် ၂၀၀၃–၂၀၀၄ခုနှစ် ဒီဇင်ဘာလကုန်အထိ ငါး၊ ပုစွန် စုစုပေါင်းကုန်ချိန် ၄၁၂၀၈ ဒသမ ၉၃တန် ထုတ်လုပ်နိုင်ခဲ့ပြီး အမျိုးသားဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁ဒသမ ၁၉သန်း၊ Euroငွေ ၂ဒသမ ၅၈သန်း၊ နိုင်ငံတော်ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၃ဒသမ ၅၉သန်း Euro ငွေ သုည ဒသမ ၂၆သန်းရရှိခဲ့ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၁၃ရက်က တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ပထော်ကျွန်းရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ငါး၊ ပုစွန် တန် ၁၀၀၀ အအေးခန်း စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နွေစပါးလျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် အောင်ရေရရှိရေး၊ ယာစပါးလျာထားချက် ပြည့်မီစွာ စိုက်ပျိုးမှု၊ ဆောင်းသီးနှံများ လျာထားချက်အတိုင်း စိုက်ပျိုးမှု၊ ဆီအုန်း၊ရော်ဘာ၊ငရုတ်ကောင်းစိုက်ပျိုးမှုနှင့် ယခုနှစ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြပ်မတ်ဆောင်ရွက်စေလျက်ရှိကြောင်း။

ငရုတ်ကောင်း

ငရုတ်ကောင်းကိုလည်း ဧက ၂၆၀၀၀စိုက်ပျိုးရန် စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဧက၆၉၈၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ဧက ၈၃၀၀စိုက်ပျိုးရန်လျာထားရာ ပြည့်မီစွာစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဆီအုန်းဧက ငါးသိန်း ပြည့်မီစွာစိုက်ပျိုးနိုင်ရေး လျာထားချက်အပေါ် ယနေ့အထိ ဆီအုန်းဧက ၁၁၁၀၉၆ စိုက်ပျိုးပြီးဖြစ်၍ လာမည့်နှစ်များတွင် အထူးစီမံကိန်းတစ်ရပ်အနေဖြင့် ပုစွန်ဧက ၁၅၀၀၀မွေးမြူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်ငါး၊ ကပေါင်း(ကကတစ်)ငါးများကိုလည်းစမ်းသပ်မွေးမြူလျက်ရှိပြီး ငါးမုတ်သားပေါက် မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်နှင့် ဝက်မွေးမြူသူများအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအစီအစဉ်အရ မွေးမြူရေးဘဏ်ချေးငွေစနစ်ဖြင့် မွေးမြူစေလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိမိနှင့်တကွနိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များသည် ယခုလ ၁၁ရက်နေ့မှ စတင်၍ တနင်္သာရီတိုင်း ထားဝယ်၊ ကော့သောင်းနှင့်မြိတ်ဒေသများအတွင်းလှည့်လည်သွားရောက်လျက် တနင်္သာရီတိုင်း ဒေသတစ်ခုလုံးဘက်စုံကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဦးစီးဦးဆောင်ပြုအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အခြေအနေကို စစ်ဆေးကြည့်ရှုရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ဖွယ်များ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

လေ့လာကြည့်ရှုခဲ့

ယခုလ ၁၁ရက်နေ့တွင် ထားဝယ်ခရိုင်အတွင်း လှည့်လည်သွားရောက်ပြီး အနာဂတ်ကာလ မြန်မာနိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုအတွက် များစွာ အထောက်အကူပြုနိုင်မည့် ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့်ဒေသသို့ သွားရောက်ပြီး အခြေအနေအရပ်ရပ် လေ့လာကြည့်ရှုခဲ့ကြောင်း။

ယင်းလုပ်ငန်းဆောင်ရွက်ရင်း ထားဝယ်ခရိုင်၏ လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများ၊ ဒေသ၏ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် အခြားစီးပွားရေးအခြေအနေများကိုလေ့လာသိရှိနိုင်ရန် မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး လမ်းခရီးတစ်လျှောက် တွေ့ရှိချက်များအပေါ် လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း။

အကျိုးဖြစ်ထွန်းနိုင်

အကယ်၍ ထားဝယ်ခရိုင်အတွင်း ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မည့် ရည်မှန်းချက်အကောင်အထည်ဖော်ဖြစ်ထွန်းလာမည်ဆိုလျှင် အနောက်ဥရောပနှင့် တောင်အာရှဒေသများမှ လာရောက်သည့်ကုန်တင်သင်္ဘောများမှ ကုန်စည်များသည် မြန်မာနိုင်ငံ ထားဝယ်ဒေသကို ဖြတ်သန်း၍ ထိုင်းနိုင်ငံသို့ပို့ဆောင်နိုင်မည့်အခြေအနေဖြစ်ပေါ်လာမည်ဖြစ်ရာ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းနိုင်မည့် အခြေအနေဖြစ်ကြောင်း။

လာရောက်လေ့လာ

ထိုသို့ ပင်လယ်ရေနက်ဆိပ်ကမ်းနှင့်တကွ အိမ်နီးချင်းနိုင်ငံနှင့် ဆက်သွယ်မည့် လမ်းမကြီးတစ်ခုဖောက်လုပ်ရေးအတွက် မြန်မာနိုင်ငံ–အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို မိမိကိုယ်တိုင် မျက်မြင်သိရှိနိုင်ရန် လာရောက်လေ့လာခြင်းပင်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းများနှင့်တစ်ဆက်တစ်စပ်တည်း ထားဝယ်ခရိုင် လောင်းလုံမြို့နယ်အတွင်း စက်မှုဇုန်ကြီးတစ်ခုထူထောင်နိုင်မည့် အခြေအနေများနှင့် မောင်းမကန်ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြစ်ထွန်းရေးအတွက် နိုင်ငံတကာအဆင့်မီ မြှင့်တင်တည်ဆောက်နိုင်မည့် အစီအမံများကိုလည်း လေ့လာစိစစ်စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဖြည့်ဆည်းဆောင်ရွက်ခဲ့

ယခုလ ၁၂ ရက်နေ့တွင် ကော့သောင်းမြို့သို့ ရောက်ရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ပြီးနောက် ရေယာဉ်များဖြင့် လှည့်လည်၍ မြန်မာနိုင်ငံတောင်ဘက်စွန်းပင်လယ်ပြင်အတွင်း ရေသယံဇာတများပေါများကြွယ်ဝမှုအခြေအနေ၊ မြိတ်ကျွန်းစုဒေသများအတွင်း သဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်ဖြစ်ထွန်းရေးအတွက် မြှင့်တင်ဆောင်ရွက်နိုင်မည့်ဒေသများဖြစ်တည်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း၊ မကြူဂလက်ကျွန်း၊ ဆလုံကျွန်းနှင့် ပုလဲကျွန်းတို့သို့ ဝင်ရောက်ခဲ့ပြီးနောက် မြိတ်မြို့သို့ ညပိုင်းတွင်ရောက်ရှိခဲ့ရာ ယနေ့ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် မြိတ်ဒေသဖွံ့ဖြိုး တိုးတက်ရေးလိုအပ်ချက်များကို လှည့်လည်ကြည့်ရှုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ယခု ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း။

မြိတ်မြို့နယ်အပါအဝင် တနင်္သာရီတိုင်းဒေသတစ်ခုလုံးသည် သယံဇာတပေါများကြွယ်ဝပြီး ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကိုများစွာ အထောက်အကူပြုနိုင်ခဲ့သော ဒေသတစ်ခုဖြစ်ကြောင်း။

အဓိကစီးပွားရေးဒေသ

ရေလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများအဖြစ် ယနေ့ခေတ်ကာလတွင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းနေသဖြင့် မြန်မာနိုင်ငံ၏ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆–၁–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ရိုးရာကျေးလက်ကစားနည်း
၈:၀၅	၆။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၁၅	၇။	ဆွာချောင်းရေလျှောင်တမံ
၈:၃၀	၈။	International News.
၈:၄၅	၉။	EnglishForEveryday Use.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice In Reading.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ်(ရက္ခဗေဒအထူးပြုများ) (ရက္ခဗေဒ)
၅:၁၀	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၅	၇။	ဗိုလ်မြတ်ထွန်းတံတား
၅:၃၅	၈။	တေးဂီတအစီအစဉ်
၅:၅၀	၉။	နည်းမှန်စနစ်မှန်အားကစားအခြေခံ
၆:၀၀	၁၀။	နှောင်းခေတ်တေးပဒေသာ
၆:၁၅	၁၁။	Discovery.
၆:၃၀	၁၂။	ညနေခင်းသတင်း
၇:၀၀	၁၃။	မိုးလေဝသအခြေအနေ
၇:၀၅	၁၄။	Milo Success In Soccer.
၇:၁၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း–၅)**
၇:၄၀	၁၆။	Myanmar ICT Week ဂုဏ်ပြုအစီအစဉ်(အပိုင်း–၃)
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**မြန်မာဗီဒီယိုဇာတ်လမ်းပွဲတင်သံများ (အပိုင်း–၁) (ရန်အောင်၊ နိုင်းနိုင်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ–စနိုးပွိုက်)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။



မဟာသိဒ္ဓိဇယ စေတီတော်

တနင်္သာရီတိုင်း မြိတ်မြို့ စန္ဒဝတီကုန်းတော်ပေါ်၌ တည်ဆောက်နေသော မဟာသိဒ္ဓိဇယ စေတီတော်ကို ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၉ မှ

အဓိက စီးပွားရေးဒေသတစ်ခုအဖြစ် ရပ်တည်လျက်ရှိနေကြောင်း၊ ယခုအချိန်အခါတွင် နိုင်ငံတော်အစိုးရက မြိတ်၊ ထားဝယ်၊ ကော့သောင်း ဒေသများအပါအဝင် တနင်္သာရီတိုင်းတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက် နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးကိုလည်း အဓိကအထောက်အကူပြုနိုင်သည့် ဒေသတစ်ခုအဖြစ် ဆက်လက်ဖြစ်ထွန်းနေစေရအောင် ပုဂ္ဂလိကကဏ္ဍ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုပါ အားပေးဆောင်ရွက်ရင်း လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို အင်တိုက်အားတိုက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလေးပေးဆောင်ရွက်

ထိုသို့သော အခြေအနေအချိန်အခါမျိုးတွင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များကလည်း နိုင်ငံတော်အစိုးရက စီမံချမှတ်ပေးသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ အကောင်အထည်ပေါ် ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ရင်း ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရအောင် အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသတွင်း ဝမ်းစာဖူလုံစေရေးအတွက် ဆန်စပါး တိုးချဲ့စိုက်ပျိုးမှု၊ တစ်နိုင်ငံလုံး စားသုံးဆီလိုအပ်ချက်ကို အထောက်အကူပြုနိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးစောင့်ရှောက်မှု၊ ဒေသ၏ အကြီးမားဆုံး၊ အကျယ်ပြန့်ဆုံးနှင့် အခိုင်မာဆုံး စီးပွားရေးလုပ်ငန်းဖြစ်သည့် ရေလုပ်ငန်း တိုးတက်အောင်မြင်အောင် ကူညီပံ့ပိုးမှုများကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှာဖြစ်ကြောင်း။

အထူးသဖြင့် မြိတ်ခရိုင်သည် ပတ်ဝန်းကျင်နိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံလျက် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများအပါအဝင် ရေလုပ်ငန်းအမျိုးမျိုးကို ပုဂ္ဂလိကကဏ္ဍက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ကြွယ်ဝပေါများလှသည့် ရေသယံဇာတများကို နိုင်ငံတော်အတွက် အကျိုးရှိထိရောက်စွာ ဖော်ထုတ်အသုံးချနိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍကို တာဝန်ပေးအပ်ပြီး ပုဂ္ဂလိကကဏ္ဍ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှု ဝီရိယစိုက်ထုတ်ကြိုးစားမှု၊ မြန်ဆန်သွက်လက်သည့် စီမံခန့်ခွဲမှုများပေါင်းစပ်လျက် နိုင်ငံတော်အတွက်ရော ပုဂ္ဂလိက တိုင်းရင်းသားလုပ်ငန်းရှင်များအတွက်ပါ သင့်တင့်မျှတသည့် အကျိုးအမြတ်များ ဖြစ်ထွန်းစေရအောင် အားပေးစီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဝီရိယစိုက်ကြိုးပမ်း

သို့ဖြစ်၍ ပုဂ္ဂလိက တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း နိုင်ငံတော်အစိုးရ၏ အားပေးစောင့်ရှောက်မှုကို ထိုက်တန်စွာခံယူပြီး ထိရောက်စွာ အရင်းအနှီးစိုက်ထုတ်လျက် လုပ်ငန်းများ တိုးချဲ့ကာ ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ ငရုတ်ကောင်း စီးပွားဖြစ်စိုက်ပျိုးမှု၊ သတ္တုတူးဖော်ထုတ်လုပ်မှု စသည့် ဒေသတွင်း ဖြစ်ထွန်းနိုင်သည့် စီးပွားရေးလုပ်ငန်းများကိုပါ တိုးတက်ဖြစ်ထွန်းလာအောင်လည်း စနစ်တကျ စီမံချမှတ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရက ဦးစီးဆောင်ရွက်နေသည့်ပုလဲမွေးမြူရေးလုပ်ငန်းမှာလည်း အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ရာအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း။

အထူးသဖြင့် တနင်္သာရီတိုင်းဒေသအတွင်း သဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အောင်မြင်ဖြစ်ထွန်းနိုင်သော ညီညာပြန့်ပြူးသည့် သဲသောင်ကမ်းခြေဒေသများ၊ ရုက္ခမျိုးကွဲ ဇီဝမျိုးကွဲစုံလင်ပြီး ပင်ကိုသဘာဝ မပျက်ယွင်းသေးသည့် ကျွန်းစုများ၊ သန္တာကျောက်တန်းများ များစွာတည်ရှိနေရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍကို တာဝန်ပေးအပ်ထားသည်နှင့်အညီ နိုင်ငံတော်အစိုးရ ဌာနများက လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ယမန်နေ့ကပင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် နိုင်ငံတကာသို့ ထုတ်ဖော်ပြသ ကြေညာနိုင်မည့် ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို မိမိနှင့် အဖွဲ့ဝင်များ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြပြီး ဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင် ထူးခြားရှားပါးသည့် လှေပေါ်တွင်နေထိုင်ပြီး ရေလုပ်ငန်းကျွမ်းကျင်လှသည့် ဆလုံတိုင်းရင်းသားများကို စနစ်တကျ အခြေချနေထိုင်စေပြီး လူမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမျိုးမပျက်သုဉ်းစေရေးတို့အတွက် ဆလုံဒေသတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ဖြစ်ထွန်းရေးအပါအဝင် ဆလုံတိုင်းရင်းသားများ၏ လူမှုဘဝ တိုးတက်မြင့်မားရေးအစီအမံများကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းမြှင့်တင် ဆောင်ရွက်သွားနိုင်စေရန် ညှိနှိုင်းစီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တနင်္သာရီတိုင်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်နေသော လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန်လည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

လေညာ–မဏ္ဍိုင်တံတား၊ ကျွဲကူး–ကျောက်ဖျာ တံတားများအပါအဝင် တံတားကြီးများ ဆောက်လုပ်ပေးခဲ့ပြီး ကော့သောင်း–မြိတ်–မော်လမြိုင် လမ်းမကြီးကို ဖောက်လုပ်ပေးခဲ့ရာ ယခုအခါတွင် မြန်မာနိုင်ငံ တောင်ဘက်စွန်း ကော့သောင်းမြို့မှ မြန်မာနိုင်ငံမြောက်ဖက်စွန်း ပူတာအိုမြို့အထိ မော်တော်ကားလမ်းပေါက်သည့်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် တနင်္သာရီတိုင်းတစ်ခုလုံး ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကာလတိုင် မျှော်မှန်းပြီး စနစ်တကျ စီမံချမှတ်ဆောင်ရွက်ပေးနေသည့် အခြေအနေ အချိန်အခါတွင် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက အခြေခံဒေသ ကျေးလက်များအထိ ဆင်းပြီး နိုင်ငံတော်အစိုးရ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး အစီအမံများ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် ကိုယ်ဖိရင်ဖိ စေတနာရှေ့ထား အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက မိမိတို့ တာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဆိုလျှင် မကြာမီကာလတွင် အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာမှာ ဧကန်မလွဲပင် ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပီပြင်စွာ ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကိုလည်း နိုင်ငံတော်အစိုးရက စနစ်တကျချမှတ်ပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ အပါအဝင် တိုင်းရင်းသား ပြည်သူများတစ်ရပ်လုံးက တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ မွေးမြူပြီး စည်းလုံးညီညွတ်တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က မြိတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်း ၅၀၀နှင့် ပုလဲကျွန်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အတွက် ငွေကျပ်ငါးသိန်းတို့ကိုလည်းကောင်း၊ ပုလဲကျွန်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အတွက် ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်ငါးသိန်း၊ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်းကုမ္ပဏီမှ ဦးကျားမောင်က ငွေကျပ်ငါးသိန်းနှင့် Tour Mandalay Co,. Ltdမန်နေဂျင်း ဒါရိုက်တာ ဦးခင်ဇော်က ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ဆိပ်ငယ်တံတားသို့ရောက်ရှိကြပြီး အမြန်ရေယာဉ်ဖြင့် ထွက်ခွာကြပြီး ကျွန်းစုမြို့နယ် သန္တုတ်ကျေးရွာအုပ်စု ဒေါင်းကူးမော် ကဏန်းမွေးမြူရေးစခန်းသို့ရောက်ရှိကြရာ အဆောင်ကောင်း စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးမောင်စစ်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ရှေးဦးစွာ အဆောင်ကောင်းစက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် မန်နေဂျာ ဦးဇော်ဝင်းက ကုမ္ပဏီအနေဖြင့် သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်များ စတင်ထုတ်လုပ်ခဲ့ပုံ၊ နိုင်ငံခြားဈေးကွက်ရှိသဖြင့် ကဏန်းပျော့ မွေးမြူထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပုံ၊ ယခုအခါ ကဏန်းမွေးမြူရေးကန်ပေါင်း ၁၅ကန်အထိ မွေးမြူ ထုတ်လုပ်လျက်ရှိပုံ၊ ကဏန်းပျော့များ ပြည်ပတင်ပို့မှုနှင့် ဝင်ငွေအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတကာတွင် ဈေးကွက်ရှိသော ကဏန်းများ မွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာရေးအတွက် စနစ်တကျ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများကလည်း ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်ပြည်သူ ထပ်တူဖြစ်သည်ဟု ခံယူပြီး လိုအပ်သည်များ အပြန်အလှန်ပံ့ပိုးဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် မြိတ်မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများအတွက် အဆောင်ကောင်း စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် မန်နေဂျာ ဦးအောင်လင်းက ငွေကျပ် ၁၅သိန်းတန် ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများကိုလည်းကောင်း၊ ဒါရိုက်တာ ဦးမောင်စစ်က ငွေကျပ် ၁၀သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က လက်ခံသည်။

ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကဏန်းကန်နှင့် ကဏန်းဖောင်များ မွေးမြူထားမှု၊ ကဏန်းခြင်းမှ ကဏန်းပျော့များ ထုတ်ယူမှုလုပ်ငန်း၊ ရေချိုစိမ်၍ ကဏန်းပျော့သက်တမ်းရှည်အောင် ပြုလုပ်ခြင်းလုပ်ငန်း၊ ထုပ်ပိုးခြင်းလုပ်ငန်းတို့ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ် ပထော်ကျွန်းရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ငါးပုစွန်တန် ၁၀၀၀ အအေးခန်းစက်ရုံသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးအောင်လွင်နှင့် ဝန်ထမ်းများက ကြိုဆိုကြပြီး ငါးမျိုးနှင့် အရွယ်ရွေးချယ်ခြင်းလုပ်ငန်း၊ ငါးပုစွန် အအေးခန်းအတွင်း သိုလှောင်ရန် ပြုပြင်ခြင်းလုပ်ငန်းများကို လိုက်လံပြသ ရှင်းလင်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ငါးပုစွန်ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းများ နိုင်ငံခြားဈေးကွက်သို့ ပိုမိုထိုးဖောက်လုပ်ကိုင်နိုင်ရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ဆိပ်ငယ်တံတားသို့ပြန်လည်ရောက်ရှိကြသည်။ ထို့မှတစ်ဆင့် မြိတ်လေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

မြိတ်ကိုယ်ပွားသတင်းစာတိုက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ရှမ်းချောင်းရပ်ရှိ မြိတ်မြို့ ကိုယ်ပွားသတင်းစာတိုက် ဆောက်လုပ်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးတာဝန်ခံ ဦးမျိုးလှိုင်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လုပ်ငန်းခွင်အတွင်း လိုက်လံပြသရှင်းလင်းသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဆောက်အအုံကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သပ်ရပ်ခိုင်ခံ့အောင် တည်ဆောက်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရည်မှန်းချက်လုပ်ငန်းများ အောင်မြင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဇန်နဝါရီ ၁၃ရက်က တနင်္သာရီတိုင်း မြိတ်မြို့ ရှမ်းချောင်းရပ်ရှိ မြိတ်မြို့ ကိုယ်ပွားသတင်းစာတိုက် ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အာဆီယံ အစည်းအဝေးများတွင် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တက်ကြွစွာ ပါဝင်ဆွေးနွေးလုပ်ရှား မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ဖွယ်လုပ်ငန်းများကို အချိန်အခါနှင့်အညီ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်း

အာဆီယံအဖွဲ့ဆိုင်ရာဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီ(၁/၂၀၀၄) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❁ **အာဆီယံမှ**

အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တက်ရောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက "အာဆီယံ စက်မှုပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Asean Industrial Cooperation Scheme)အရ သွင်းကုန်အကောက်ခွန်နှုန်းကို သုညရာခိုင်နှုန်းသို့ လျှော့ချရေးကိစ္စ"၊ "မြန်မာနိုင်ငံ၏ အာဆီယံ စံချိန်စံညွှန်းနှင့် အရည်အသွေးကိုက်ညီရေး (Standards and Conformance) ကိစ္စများတွင် ပါဝင်ဆောင်ရွက်ရန်ကိစ္စ"နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံချုချင့်မြို့၌ ၂၀၀၃ခုနှစ် နိုဝင်ဘာ၁၁ရက်မှ ၁၄ရက်အထိ ကျင်းပပြီးစီးခဲ့သည့် "(၁၀)ကြိမ်မြောက်အာဆီယံ–တရုတ်ကုန်သွယ်မှု ညှိနှိုင်းဆွေးနွေးရေးကော်မတီအစည်းအဝေး (10th Meeting of The Asean-China Trade Negotioating Committee) နှင့် ပူးတွဲကျင်းပသည့် "(၁၂)ကြိမ်မြောက် အာဆီယံကုန်သွယ်မှု ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ အစည်းအဝေး (12th Meeting of The Asean Trade Negotiating Group) တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ကျင်းပခဲ့မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီများဖွဲ့စည်းထားမှုနှင့်စပ်လျဉ်း၍လည်းကောင်းရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ၂၀၀၃ခုနှစ် အောက်တိုဘာ၁၃ရက်မှ ၁၅ရက်ထိ ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် နိုင်ငံဝန်ထမ်းဆိုင်ရာ အာဆီယံ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသည့် အာဆီယံ ခေါင်းဆောင်ကြီးများနှင့် Asean Business Advisory Council (ASEAN BAC) ၏ အစည်းအဝေးသို့ တက်ရောက်ခဲ့မှု၊ ညှိနှိုင်း ဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပြန်လည်ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတကာ မျက်နှာစာတွင် အာဆီယံအဖွဲ့ကြီးသည် စည်းလုံးညီညွတ်သော ခိုင်မာတောင့်တင်းသော၊ အချိန်နှင့် တစ်ပြေးညီ တိုးတက်ပြောင်းလဲဖြစ်ထွန်းနေသော အဖွဲ့အစည်းကြီးအဖြစ်ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိနေပြီဖြစ်ကြောင်း။

ယင်းသို့ စည်းလုံးညီညွတ်ခိုင်မာသည့် အဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်နိုင်နေသည်နှင့်အညီ အနောက်နိုင်ငံများ၊ ဥရောပနိုင်ငံများ အပါအဝင်နိုင်ငံအသီးသီး၊ အဖွဲ့အစည်း အသီးသီးက အာဆီယံအဖွဲ့ကြီးအပေါ် ပိုမိုအာရုံစူးစိုက်လာပြီး အာဆီယံအဖွဲ့ကြီးနှင့် ဆက်သွယ်ဆက်ဆံမှုများတိုးမြှင့်ဆောင်ရွက်လျက်ရှိကြကို တွေ့နိုင်ကြောင်း။

ရှင်းလင်းဆွေးနွေး

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဖရိကနိုင်ငံများ ကိုယ်စား တောင်အာဖရိကနိုင်ငံက အာဆီယံအဖွဲ့ကြီးနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန် လာရောက် ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း။

အလားတူပင် အာရှဒေသအတွင်း၌လည်း အာဆီယံမိသားစုဝင် ၁၀နိုင်ငံအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့ ပူးပေါင်းလျက် "အာဆီယံ+၃"ဆိုပြီး ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လျက်ရှိနေကြောင်း။

ထို့အပြင်အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် နဝမအကြိမ်အာဆီယံ ထိပ်သီးညီလာခံတွင် အိန္ဒိယနိုင်ငံကလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း။

ကူညီပံ့ပိုး

အာဆီယံမိသားဝင်နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူ အလေးထားဆက်ဆံကြသကဲ့သို့နောက်ပိုင်းမှ အဖွဲ့သို့ ဝင်ရောက်လာသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့အပေါ် အခွင့်အရေးပေး ကူညီပံ့ပိုးမှုများလည်း ပြုလုပ်လျက်ရှိကြကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင် အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီ၁/၂၀၀၄အစည်းအဝေးတွင် အာဆီယံအဖွဲ့ ဆိုင်ရာကိစ္စရပ်များကို တင်ပြစဉ်။ (သတင်းစဉ်)

ဤသို့ဖြင့် အာဆီယံအဖွဲ့ကြီးသည် ပိုမိုစည်းလုံး ညီညွတ်ပြီး တောင့်တင်းခိုင်မာသည်ထက် တောင့်တင်းခိုင်မာလာသည့် အနေအထားတွင် ရှိနေပြီး အာဆီယံနိုင်ငံအသီးသီးမှ ခေါင်းဆောင်များသည်လည်း အချင်းချင်း ပိုမိုရင်းနှီးချစ်ကြည်လျက် အပြန်အလှန်လေးစားစွာ ဆက်ဆံလျက်ရှိနေကြကြောင်း။

နားလည်စာနာ

သို့ဖြစ်၍လည်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် နဝမအကြိမ် အာဆီယံ ထိပ်သီးညီလာခံတွင် အာဆီယံနိုင်ငံခေါင်းဆောင်များက မြန်မာနိုင်ငံအပေါ် နားလည်စာနာစွာဖြင့် မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ထောက်ခံခဲ့ကြခြင်းပင် ဖြစ်ကြောင်း။

ယင်းအချိန်အခါတွင် အရှိန်အဟုန်နှင့် ဖြစ်ပေါ်နေသော နိုင်ငံတကာ တိုးတက်ပြောင်းလဲ ဖြစ်ထွန်းမှုများကြောင့် ကြုံတွေ့ရင်ဆိုင်လာရသည့် ပြဿနာများကို တစ်နိုင်ငံချင်းဖြေရှင်း၍ မရနိုင်တော့သည့် အခြေအနေဖြစ်လာကြောင်း။

ယင်းသို့ တစ်နိုင်ငံတည်း ထီးထီးချည်း ရပ်တည်မရနိုင်သည်ကို ကမ္ဘာ့နိုင်ငံအသီးသီးက နားလည်ခံယူပြီး နိုင်ငံများအကြား အပြန်အလှန်အကျိုးပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများ ထူထောင်လာကြသလို ဖွဲ့စည်းပြီးအဖွဲ့အစည်းများကိုလည်း တိုးချဲ့ဖွဲ့စည်းလာနေကြသည်ကို တွေ့နိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီးအတွင်းသို့ဝင်ရောက်ခဲ့သလိုတောင်အာရှနှင့် အရှေ့တောင်အာရှဒေသများကို ဆက်စပ်ပေးမည့် Bimstec အဖွဲ့သို့လည်းဝင်ရောက်ပြီး တက်ကြွစွာလှုပ်ရှား ဆောင်ရွက်လျက်ရှိနေကြောင်း။

အခြေခံကောင်းများရရှိ

ယင်းသို့မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများတွင် ပူပေါင်းဆောင်ရွက်လျက်ရှိသည်နှင့်အမျှ နိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများလည်း တဖြည်းဖြည်းချင်း တိုးတက်ဖြစ်ထွန်းလာပြီး အခြေခံကောင်းများ ရရှိနေပြီကို တွေ့ရှိနိုင်ကြောင်း။

သို့ဖြစ်၍ ဝန်ကြီးဌာန အသီးသီးကလည်း အာဆီယံ အစည်းအဝေးများတွင် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တက်ကြွစွာ ပါဝင်ဆွေးနွေးလှုပ်ရှား ဆောင်ရွက်ကြရန်နှင့် အစည်းအဝေးများတွင် ညှိနှိုင်းရရှိချက်များအရ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ဖွယ်လုပ်ငန်းများကို အချိန်အခါနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ၂၀၂၀ပြည့်နှစ်တွင် အာဆီယံ မိသားစုဝင် နိုင်ငံများအားလုံး ဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ တောင့်တင်းခိုင်မာစေရေး ဦးတည်ထားသည့် ASEAN Vision : 2020 ပါ မျှော်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးအတွက်မြန်မာနိုင်ငံအနေဖြင့်တက်ကြွစွာ ဆက်လက်ပါဝင်ဆောင်ရွက်နိုင်အောင်အားထုတ်ကြိုးပမ်းသွားကြရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်(၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ရွှေပေါက်ကံ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ တပ်မတော်နည်းပညာတက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်း၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)တို့ ယှဉ်ပြိုင်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် (၁၃) ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အလှပြ တီးမှုတ်ဖျော်ဖြေကြသည့် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ရွှေပေါက်ကံ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

I T ပညာ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF)နှင့် The Association for Overseas Technical Scholarship (AOTS)တို့၏ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Fundamental IT Engineer Examination Course(MYFE) သင်တန်းကို လှိုင်တက္ကသိုလ်နယ်မြေ MICT Park ရှိ e- Learning Center တွင် ဖေဖော်ဝါရီ၁၆ရက်မှစ၍ ရက်သတ္တပတ်ခြောက်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ စိတ်ပါဝင်စားသည့် အသက် ၂၀ နှင့် ၄၀ အတွင်းရှိ ဘွဲ့တစ်ခုခုရရှိပြီး IT ပညာရပ်တွင် အတွေ့အကြုံ အနည်းဆုံးနှစ်နှစ်ရှိသူ မည်သူမဆို ဇန်နဝါရီ၂၆ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။ (သတင်းစဉ်)

မြစ်ကြီးနားမြို့ ...

● စာမျက်နှာ ၇ မှ

မလိရေအားလျှပ်စစ်စီမံကိန်းကို ဘူးဂါးကုမ္ပဏီလီမိတက်က ဝိုင်းမော်မြို့ အရှေ့တောင်ဘက် ၃၂မိုင်ခန့်အကွာ မလိချောင်း၌ အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်ရာ တပ်ဆင်စက်အင်အား၃ဒသမ၅မဂ္ဂါဝပ်စက် သုံးလုံးဖြင့် လျှပ်စစ်ဓာတ်အား ၁၀ ဒသမ ၅ မဂ္ဂါဝပ်အထိ ထုတ်ယူနိုင်မည်ဖြစ်ပြီး မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ရှင်းလင်းဆောင်၌ပင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်က ဗလမင်းထင်တံတားအနီး ဧရာဝတီမြစ်၏ ရေစီးရေလာ အခြေအနေ၊ မြစ်ရေတိုက်စားမှုဒဏ် ခံနိုင်ရေးအတွက် မြစ်ကြီးနားမြို့ဘက်ခြမ်း တံတားကြီးအနီးတွင် ကျောက်စီတမံ တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပြီးစီးမှု အခြေနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မလိရေအားလျှပ်စစ်စီမံကိန်း၏ ဧရာဝတီ မြစ်ကူးလျှပ်စစ်တာဝါတိုင် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ ဧရာဝတီမြစ်ကမ်း ကျောက်စီတမံ တည်ဆောက်ပြီးစီးမှု အခြေနေများကိုလည်းကောင်း၊ ဗလမင်းထင်တံတားကြီးနှင့် တံတားအနီး ဧရာဝတီမြစ် ရေစီးဆင်းမှု အခြေအနေကိုလည်းကောင်းကြည့်ရှုစစ်ဆေးကြပြီးနောက် ဗလမင်းထင်တံတားကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်ကို ဆက်သွယ်ပေးသည့် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကို ၁၉၉၈ ခုနှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဝိုင်းမော်မြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေသဖွံ့ဖြိုးရေးတာဝန်ခံ ဦးဆင်ဝါးနောင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ် အထူးဒေသ(၂) နှင့် ဂျိတ်လင်း(န်)မြန်မာကုမ္ပဏီတို့ ပူးပေါင်း၍ မြစ်ကြီးနား-ဗန်းမော်ကားလမ်းတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ချက်များကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်း အင်ဂျင်နီယာ ဦးတင်မြင့်က မြစ်ကြီးနား-ဗန်းမော်ကားလမ်း ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ၊ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က လိုအပ်သည်များ မှာကြားကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်မြစ်ကြီးနား-ဗန်းမော်ကားလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မြစ်ကြီးနားမှ ဝိုင်းမော်မြို့အထိ ကတ္တရာလမ်းပြီးစီးနေပြီး ဝိုင်းမော်မှ ဗန်းမော်ကားလမ်း အရှည်မိုင် ၁၁၀တွင် ယခုအခါ ကတ္တရာလမ်း ၂၅မိုင်၊ ကျောက်ချောလမ်း ၁၆မိုင်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလမ်းပိုင်းတွင် ပေ ၁၀၀ အောက်တံတား ၁၀၅စင်းရှိရာ တံတား ၄၄စင်းကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြပြီး မြစ်ကြီးနားမြို့တွင် မလိရေအားလျှပ်စစ်စီမံကိန်း၏ ပင်မဓာတ်အားခွဲရုံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးအနီးတွင် ဧရာဝတီမြစ်ကမ်းထိန်း ကျောက်စီနံရံ ပြုလုပ်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်ရှင်းလင်းဆောင်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးတင်ဦးက မြစ်ကမ်းထိန်း ကျောက်စီနံရံပြုလုပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

ထို့မှ တစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းတိုက်ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသနှင့် ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တွေ့ဆုံမှာကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အတူ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်နှင့် မြစ်ကြီးနားခရိုင်၊ ပူတာအိုခရိုင်၊ မြစ်ကြီးနားမြို့နယ်တို့မှ ပြည်နယ်၊ ခရိုင်၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။ (သတင်းစဉ်)

မြစ်တ်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး

ဇန်နဝါရီ ၁၃ ရက်က တနင်္သာရီတိုင်း မြိတ်မြို့ရှိ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး (မြိတ်မြို့) အဆောက်အအုံကို တွေ့ရစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကျော-ပခုက္ကူ ရထားလမ်းပိုင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက်တွင်ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်းပိုင်းရှိ ကျော-ပခုက္ကူ ရထားလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ၁၂ရက်တွင် ကြီးနီ-ချောက်ရထားလမ်း ဖောက်လုပ်ရေး၊ ချောက်မှ ကြီးနီထိ လမ်းဖောက်လုပ်ထားရှိမှုများနှင့် ကြီးနီဘူတာကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၃ ရက်တွင် ဆတ်သွား-အောင်လံ- ပြည်ရထားလမ်းပိုင်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ၂၀၀၃ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲကို ဇန်နဝါရီ၂၄ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်ခမ်းမရုံ၌ကျင်းပမည်ဖြစ်သည်။ ၂၀၀၄ခုနှစ်အတွက် အလုပ် အမှုဆောင်သစ် ပြန်လည်ရွေးချယ်မည်ဖြစ်ပါ၍ အသင်းဝင်များနှင့် ကျောက်ဆည်ခရိုင်သူ၊ ခရိုင်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် အစည်းအဝေးတက်ရောက်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲဗိုလ်လု မြန်မာအသင်းမှ ဖြိုးမင်းသာ ပထမရရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်(ITF)နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (TFM)တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပထမအကျော့တင်းနစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd) နှင့်အတွင်းရေးမှူးဒေါက်တာ တင်အောင်လင်း (Aung Mingalar Co.,Ltd) နှင့် အမှုဆောင် ဗိုလ်မှူး တင်စောနိုင် (ကာကွယ်ရေးဝန်ကြီးဌာန) နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဖိတ်ကြားထားသူများ၊ တင်းနစ်အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ယနေ့ကျင်းပသော အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲတွင်မြန်မာအသင်းမှ ဖြိုးမင်းသာက ဇင်ဘိုကို ၆-၂၊၆-၀ ဖြင့်အနိုင်ရရှိပြီး ဖြိုးမင်းသာက ပထမ၊ ဇင်ဘိုက ဒုတိယ ရရှိသွားသည်။

အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့ အတွဲက ပါကစ္စတန်မှ Babarနှင့် Zazirတို့ အတွဲကို ၃-၆၊၆-၃၊၇-၆ ဖြင့်အနိုင်ရပြီး ပထမရရှိသွားသည်။

အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲတွင် မလေးရှားမှ Noordin က သီရိလင်္ကာမှ Aru Dpragasam ကို ၆-၀၊၆-၀ ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် မလေးရှားမှ Noordin နှင့် သီရိလင်္ကာမှ Jayatilaka တို့အတွဲက မလေးရှားမှ Thirumalai Chelvam နှင့် Vythinathanတို့အတွဲကို ၆-၂၊ ၆-၀ ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

အသက်(၁၄)နှစ်နှင့်အောက်အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၆ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၁-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ နားဝင်ငြိမ်းစီးသီချင်းကြီး
- ၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  (က) ဒုတိယနှစ် (သမိုင်း)
  (ခ) ဒုတိယနှစ် (ဥပဒေပညာ)
- ၅:၃၀ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဖန်ခြေနင်းနဲ့ယမင်းရွှေစင်" (အပိုင်း-၃၈)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လွှီပုနှင့်သောင်းချမ်" (အပိုင်း-၂၁)**
  ၂၃။ သင့်အတွက်မနက်ဖြန်
  ၂၄။ အပိတ်နှုတ်ဆက်စကား
  ၂၅။ ပြီးပါပြီ။

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

Aung Tharaphu GCE Training Center တွင် အင်္ဂလိပ်ဘာသာရပ်များဆိုင်ရာ GCE TOEFL & IELTS စသည့်နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ သင်တန်းများနှင့် English Language Speaking သင်တန်းများကို လစဉ်ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။ ထို့အပြင် TOEFL စာမေးပွဲအတွက် Mock Tests များကိုလည်း ကျောင်းသားများအတွက် အပတ်စဉ် စီစဉ်ပေးလျက်ရှိသည့်အပြင် TOEFL စာမေးပွဲကြီးကိုလည်း လစဉ်ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အမှတ် ၁၀၅၊ လမ်းမတော်လမ်း၊ သံဈေးရှေ့၊ ဖုန်း-၂၁၂၃၅၇၊ ၂၅၂၈၂၁ နှင့် ၂၅၃၁၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ယှဉ်ပြိုင်

အသက် ၁၄နှစ်နှင့်အောက် အာရှဇုန်(၂) ပထမအကျော့ တင်းနစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ရရှိသွားသည့်ဖြိုးမင်းသာ(မြန်မာ)ယှဉ်ပြိုင်စဉ်။

(ကြေးမုံ)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အခြေခံပညာအဆင့် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အခြေခံပညာအဆင့် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲကျင်းပရာသို့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အမှတ်ပေးဒိုင်

ပြိုင်ပွဲတွင် အကဲဖြတ် အမှတ်ပေးဒိုင်များအဖြစ် ရန်ကုန်တက္ကသိုလ်မှ သမိုင်းပါမောက္ခ ဒေါက်တာဦးကျော်ဝင်း၊ မြန်မာစာပါမောက္ခ ဒေါက်တာဦးခင်အေးနှင့် အဝေးသင်တက္ကသိုလ်(ရန်ကုန်)မှ သမိုင်းပါမောက္ခ ဒေါ်ခင်ခင်ထွေးတို့က ဆောင်ရွက်ကြသည်။

ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၇ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုကို ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ဇေယျာဖြိုးက လည်းကောင်း၊ ဒုတိယဆုကို စစ်ကိုင်းတိုင်း မုံရွာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အလုံတပ်မြို့)မှ နဝမတန်းကျောင်းသား မောင်နေမျိုးဇော်က လည်းေကာင်း၊တတိယဆုကို တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ဒီရဲလင်းက လည်းကောင်း ရရှိကြသည်။

ဆုရရှိကြသူများအား (၅၉)နှစ်မြောက် တပ်မတော်နေ့ ဆုပေးပွဲအခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဧည့်သည်တော်များ ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ အခြေခံပညာအဆင့် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ပဂျော်ဖက်ရှင်နယ်စပို့ဂျာနယ် အတွဲ(၁)၊အမှတ်(၅)ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၁၅

ပဂျော်ဖက်ရှင်နယ်စပို့ဂျာနယ် အတွဲ(၁)၊ အမှတ်(၅)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ရာ ယခုအပတ် အားကစားဂျာနယ်တွင် ခင်မောင်နိုင်၏အရှေ့အာရှဘောလုံးချေးကွက် တည်ဆောက်ရန်ကြိုးပမ်းနေသော တရုတ်ဘောလုံးလောက၊ လျှံလင်း၏ ဂန်းနားတို့ရဲ့နောက်ဆုံးပေါ် မြန်နှုန်းမြင့် တိုက်စစ်မှူး အလီအက်ဒါရေး၊ ထွန်းထွန်းဦး(လှိုင်)၊ ကြယ်တံခွန်တို့၏ ပရီမီယာ၊ စီးရီးအေ၊ လာလီဂါ ပွဲကြိုသုံးသပ်ချက်များ၊ ပြည်တွင်းပြည်ပ နောက်ဆုံးအားကစားသတင်း၊ဆောင်းပါးစုံလင်စွာပါရှိသည်။

(အောက်ပုံ) (က-ပ)



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဆားမလောက်ကျေးရွာ မူလတန်းကြိုကျောင်းဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုး၊ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များပါဝင်သောအဖွဲ့သည် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်းဖွင့်ပွဲအတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှထွက်ခွာကြရာ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာသို့ ရောက်ရှိကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့အား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၏ဇနီး ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်တင်တင်လတ်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် ကောင်စီဝင်များ၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊မြို့နယ်နှင့်ကျေးရွာများမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဘင်ခရာတီးဝိုင်းနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ကျေးရွာရပ်ကွက်များမှ ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်တင်တင်လတ်နှင့် ဒဂုန်အင်တာနေရှင်နယ်လီမိတက် ဒါရိုက်တာဒေါ်မိုးမြမြတို့က မူလတန်းကြိုကျောင်း အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မူလတန်းကြိုကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့သည် မူလတန်းကြိုကျောင်း အဆောက်အအုံကို လှည့်လည်ကြည့်ရှုပြီး ကလေးငယ်များအား လက်ဆောင်ပစ္စည်းများပေးသည်။

ထို့နောက် မူလတန်းကြိုကျောင်းအတွက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

ဆက်လက်၍ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က ဆားမလောက်စံပြကျေးရွာ မူလတန်းကြိုကျောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင် ဒဂုန်အင်တာနေရှင်နယ်လီမိတက်ဥက္ကဋ္ဌဦးဝင်းအောင်က မူလတန်းကြိုကျောင်း ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့် အလှူငွေကျပ်သုံးသိန်းနှင့် အခြားအလှူရှင်များက လှူဒါန်းသောအလှူငွေများကို တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မူလတန်းကြိုကျောင်းသုံး သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းရာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်တင်တင်လတ်က လက်ခံပြီး ဖွင့်ပွဲအထိမ်းအမှတ်အလံများကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်တင်တင်ဦးက ပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ယင်းနောက် ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်အားပေး

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့သည် ဆားမလောက်ကျေးရွာရှိ မြန်မာနံ့ယူတောင်သူလယ်သမားဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှကြိုင်နှင့် တာဝန်ရှိသူများက ကြိုဆို၍ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့သည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုကာ အလှူငွေများပေးအပ်လှူဒါန်းပြီး လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးသည် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ထားသော လူငယ်ရိပ်မွန်မှ လူငယ်များနှင့် တွေ့ဆုံဆွေးနွေးသည်။

(သတင်းစဉ်)

Network Security သင်တန်းများဖွင့်လှစ်သင်ကြား

ရန်ကုန် ဇန်နဝါရီ ၁၅

ခေတ်မီကွန်ပျူတာ ကွန်ရက်နည်းပညာကို အသုံးပြုလျက်ရှိသောသူများအတွက် ရည်ရွယ်၍ဖေဖော်ဝါရီလဆန်းတွင် Windows 2000 Networking Environment သင်တန်းကို တနင်္လာ၊ ဗုဒ္ဓဟူးနေ့များတွင် နံနက်၉နာရီမှ၁၁နာရီထိ လည်းကောင်း၊ Designing Directory Service သင်တန်းကို အင်္ဂါ၊ ကြာသပတေးနေ့များတွင် ညနေ ၅နာရီခွဲမှ ၇ နာရီခွဲထိ အမှတ်၉၁/၉၃ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၉လမ်းထောင့် ပုဇွန်တောင်မြို့နယ်ရှိ Compu Tech ကွန်ပျူတာ သင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

Internet,Intranet အသုံးပြုသည့် လုပ်ငန်းကြီးများ၊ ဌာနဆိုင်ရာများအတွက် Network Security ကို ရည်ရွယ်၍ Security သင်တန်းကို စနေ၊ တနင်္ဂနွေရက်များတွင် ညနေ ၅ နာရီခွဲမှ ၇ နာရီခွဲထိ လည်းကောင်း၊ Network မှတစ်ဆင့် Internet, Intranetကို တွင်ကျယ်စွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ MS ISA Server ၂၀၀၀ သင်တန်းကို စနေ၊ တနင်္ဂနွေနေ့ နံနက် ၁၁ နာရီမှ ၁ နာရီထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး အခြားသော Network, Hardware နှင့် အခြေခံသင်တန်းများကို ပုံမှန် လေးလတန်းခွဲများ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်း ဖွင့်ပွဲ အခမ်းအနားတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ကောက်လျင်လမ်း မဟာဓမ္မပူဇာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

သဃ်ာန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် ကောက်လျင်လမ်း၊ တနင်္ဂနွေပတ် သံဃာ့ဒါနဆွမ်းလောင်းအသင်း၏ (၂၁) နှစ်မြောက် ဆွမ်းအောင် အထိမ်းအမှတ် မဟာဓမ္မပူဇာတရားပွဲအဖြစ် ဇန်နဝါရီ၁၈ ရက်တွင် ရွှေရတုတိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ ဇန်နဝါရီ၁၉ရက်နှင့် ဇန်နဝါရီ ၂၀ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယတို့က ညစဉ်၇နာရီ တွင် ဆွမ်းလောင်းအသင်း ဓမ္မာရုံရှေ့မဏ္ဍပ်၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

Oceanic Pleasure Cruise

ချင်းတွင်း ပင်လယ်သွား အပျော်စီးရေယာဉ်

တရုတ်နှစ်သစ်ကူးနဲ့အတူ

ပင်လယ်သွားအပျော်စီးရေယာဉ်ခရီးစဉ်များ စတင်ပါပြီ



ဟိုတယ်အဆင့်မီ အဆင့်မြင့် ဇိမ်ခံခန်းများ ပါဝင်သော ရေယာဉ်ကြီးပေါ်မှာ ပျော်ပြေမှုများ အကများနှင့်အတူ ပင်လယ်ပြင်မှာ စားကောင်းသောက်ဖွယ်များ စားသောက်ရင်း အပျော်စီးရေယာဉ်နှင့် အပန်းဖြေနိုင်ကြဖို့ အောက်ပါခရီးစဉ်များ စတင်ပါပြီ။

(၁) ၂၃.၁.၂၀၀၄ မှ ၂၆.၁.၂၀၀၄ ထိ ကိုကိုးကျွန်းခရီးစဉ်
(၂) ၆.၂.၂၀၀၄ မှ ၁၀.၂.၂၀၀၄ ထိ မြိတ်ကျွန်းစုခရီးစဉ် (ပင်လယ်ပြင်လှုပ်ရှားဝလေ့လာရေး)
(၃) ၁၃.၂.၂၀၀၄ မှ ၁၇.၂.၂၀၀၄ ထိ ဆလုံပွဲတော်
(၄) ၂၀.၂.၂၀၀၄ မှ ၂၃.၂.၂၀၀၄ ထိ မော်တင်စွန်းဘုရားပွဲ
(၅) ၂၇.၂.၂၀၀၄ မှ ၂.၃.၂၀၀၄ ထိ ပေလီခရီးစဉ်
(ခရီးစဉ်အလိုက် အသေးစိတ်ထပ်မံကြော်ငြာပါမည်။ ကြိုတင်လက်မှတ်ဝယ်ကြပါရန်။)

စုံစမ်းရန်။ (၁) အမှတ် ၁၂၉ (မြေညီထပ်)၊ ဆိပ်ကမ်းသာလမ်း။ ၂၇၇၆၉၁၊ ၂၉၂၄၅၉၊ ၀၉ ၈၀ ၂၁၁၃၃၊ Hot Line ၀၉ ၈၀ ၃၃၉၈၁

မြန်မာ ICT ရက်သတ္တပတ် ၂၀၀၄
(ဇန်နဝါရီ ၂၁–ဇန်နဝါရီ ၂၇)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၁)ရက်
- ၀၇:၃၀ နာရီ ဖွင့်ပွဲအခမ်းအနား Projects Launching
- ၁၃:၀၀ နာရီ Professional Certification(Seminar& Ceremony)
- ၁၃:၀၀ နာရီ Capability Maturity Model Integration(Workshop)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်
- ၀၉:၀၀ နာရီ Role of Women in ICT Industry(Workshop)
- ၀၉:၀၀ နာရီ PKI application(CA)
- ၁၃:၀၀ နာရီ Myanmar Language Implementation(Workshop)
- ၁၃:၀၀ နာရီ Hardware Trend for software developers(Seminar)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်
- ၀၉:၀၀ နာရီ Database Trend Technology (Workshop)
- ၁၃:၀၀ နာရီ Object Oriented Software Development With Unified Modeling Language(Workshop)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက်
- ၀၉:၀၀ နာရီ Software Products for SME (Presentation & Promotion)
- ၁၃:၀၀ နာရီ Software Products for SME (Presentation & Promotion)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်
- ၀၉:၀၀ နာရီ Security issues and related products(Seminar)
- ၁၃:၀၀ နာရီ e-Procurement(Seminar)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက်
- ၀၉:၀၀ နာရီ Wireless and broadband application(Seminar)
- ၁၃:၀၀ နာရီ Myanmar National Counter-Strike Championship Final

နည်းပညာပြပွဲများကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ(၂၁)ရက်နေ့မှ ဇန်နဝါရီလ(၂၇)ရက်နေ့အထိ နေ့စဉ် နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိ အခမဲ့ပြသမည်ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေရာ။ MICT Park, ရန်ကုန်မြို့။

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှအောက်ပါပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုပါသည်။

မိုလ်မှူးကြီးစောမြင့်(ငြိမ်း)	အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ	(၂၀၀၄)
ဦးရွှေမှို(ပရိဘောဂ)	သီရိသုဓမ္မဇောတဓရ	(၁၉၉၈)
ဒေါ်တင်တင်ဝေ(ရတနာလျှမ်း)	သီရိသုဓမ္မသီဂိ	(၂၀၀၄)
ဒေါ်ခင်သန်းမြင့်(ပပဝင်း)	သီဟသုဓမ္မသီဂိ	(၂၀၀၄)

သာသနာ့ဝေပုလ္လဝေယျာဝစ္စအဖွဲ့။

တီတီစီ ကျောင်းသားဟောင်း မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

၁၉၉၀၊ ၁၉၉၁၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄ခုနှစ်များ၌ တက္ကသိုလ်ဝင်တန်း အသီးသီး ဖြေဆိုခဲ့ကြသည့် T.T.C ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) တွင် ကျင်းပမည်ဖြစ်ရာကျောင်းသား၊ ကျောင်းသူများမြတ်ဆရာကန်တော့ပွဲသို့ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို မအေးငြိမ်းဦး ဖုန်း–၂၉၁၇၈၂၊ ကိုသန့်မြတ်ဦး ဖုန်း–၀၉ ၅၀၀၇၀၆၁၊ မစိုးထက်ဝင်း ဖုန်း–၀၉ ၈၀၂၆၈၉၄၊ ကိုခိုင်ဝင်း ဖုန်း–၀၉ ၈၀၃၃၀၃၃၊ ကိုကောင်းခံ့ ဖုန်း–၀၉ ၈၀၃၂၁၁၉၊ မမိုးပွင့် ဖုန်း–၅၃၄၆၈၈၊ ကိုအာကာကျော်ဝင်း ဖုန်း–၀၉ ၅၀၁၅၇၃၃၊ ကိုလှမျိုး ဖုန်း–၆၃၅၈၉၁၊ မဇင်မေဦး ဖုန်း–၇၀၆၇၈၈၊ ကိုဇော်နိုင်သိန်း ဖုန်း–၀၉ ၅၀၀၂၄၆၅၊ ကိုအောင်သက်ပိုင် ဖုန်း–၀၉ ၅၀၀၄၂၇၅၊ မခင်လတ်ချို ဖုန်း–၀၉ ၈၀၃၃၈၇၈၊ ကိုအောင်ဘုန်းမြင့် ဖုန်း– ၀၉၅၀၀၃၆၁၈၊ ကိုကျော်လှိုင်ဝင်း ဖုန်း– ၀၉ ၅၀၀၇၃၉၃၊ ကိုဖြိုးဝေဦး ဖုန်း–၀၉ ၅၀၁၄၀၅၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

THAMES Management Centre

Diploma in Business Administration

No. 120, Botahtaung Pagoda Rd. Ygn. Tel: 200188, 200343, 296829

ရှူထောင့်စုံ၊ ရသစုံဆောင်းပါးများ၊ နယ်သတင်းများ၊ လက်ရာစုံ အတွေးစုံ ကာတွန်းများဖြင့် အမှတ် ၁၃၁၊ ၂၈လမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၇၀၇၁၈၃က ထုတ်ဝေလိုက်သော ဈေးကွက်ဂျာနယ် အမှတ်–၃၅၃ မျက်နှာဖုံး။ (က–ပ)

ရွက်သစ်(နဝဒေး)စားသောက်ဆိုင်

နဝဒေးဥယျာဉ်ရှေ့၊ ရန်ကုန်–ပုသိမ် လမ်းမကြီး၊ လှိုင်သာယာ

ချောင်းသာပဲ သွားသွား
ငွေဆောင်ပဲ သွားသွား
ဒဂုံ ဧရာအဝေးပြေးဂိတ်မှာပဲ ကားစီးစီး
နံနက်စာကောင်းကောင်းရှိတယ်



ရွက်သစ်

နံနက်စာ နေ့လည်စာ ညစာ
စည်ဘီယာ၊ တရုတ်၊ ဟင်းလျာမျိုးစုံ

၁–၁–၂၀၀၄နေ့ တွင်စတင်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်

တောင်ဥက္ကလာပမြို့နယ်မှ ရွက်သစ်စားသောက်ဆိုင်ကိုလည်း ဆက်လက်ဖွင့်လှစ်ထားပါသည်။ ၁၉၉၇ ခုနှစ်မှယနေ့အထိအားပေးကြသော မိတ်သင်္ဂဟအပေါင်းတို့လည်း နှစ်သစ်တွင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းလျှက်။

ဂိုးများများရရေး ကြိုးပမ်းမည့် မန်ယူနှင့် ချယ်လ်ဆီး ဖူလ်ဟမ်နှင့် လီဗာပူးတို့အနိုင်ရနိုင်

ပရီမီယာလိဂ်ပွဲစဉ်(၂၂) ဒုတိယအကျော့ပွဲစဉ်

ပွဲစဉ်(၂၁)တွင် မန်ယူနှင့် နယူးကာဆယ်ပွဲသာ ဂိုးမရှိ သရေကျသည်။ ကျန်ပွဲစဉ်အားလုံး အနိုင်၊ အရှုံး အဖြေထွက်သည်။ သို့သော် ဇယား၏ အပြောင်းအလဲသည် ကြီးကြီးမားမား ဖြစ်မသွားသည်ကို တွေ့ရသည်။

မန်ယူက နယူးကာဆယ်ကို သရေကစားခဲ့သော်လည်း ပထမနေရာတွင် ခိုင်မာစွာ ရပ်တည်ထားနိုင်ဆဲ ဖြစ်သည်။ ဒုတိယရနေသော အာစင်နယ်နှင့် တတိယလိုက်နေသော ချယ်လ်ဆီးတို့နှင့် အမှတ်ကွာဟချက် ကျဉ်းမြောင်းသွားသည်။ စပါး(စ်)၊ ဘာမင်ဂမ်နှင့် ဘော်လ်တန်တို့ နှစ်ဆင့်စီတက်လာသည်။ လက်စတာ တန်းဆင်းဇုန်ထဲသို့ရောက်သွားပြီး ပို့စ်မောက် ခုန်ထွက်လာနိုင်သည်။ ဖူလ်ဟမ်တစ်ဆင့်တက်ကာ နယူးကာဆယ်နှင့် စိန့်တို့ တစ်ထစ်လျော့ကျကြသည်။

ပရီမီယာလိဂ် ဒုတိယအကျော့ပွဲစဉ်များကို ပြန်လည်စတင်ကစားနေသည်မှာ ပွဲစဉ်နှစ်ခု ပြီးစီးသွားပြီ ဖြစ်သည်။ ပွဲစဉ်တစ်ဝက်ကျိုးချိန်၌ ထူးခြားချက်တစ်ခုကိုသတိပြုမိသည်။ ၎င်းမှာ ပရီမီယာလိဂ်ချန်ပီယံဘွဲ့ကို လုမည့်အုပ်စု၊ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ရရှိရေး ကြိုးပမ်းနေသောအုပ်စု၊ တန်းမဆင်းရရေးအတွက် ရုန်းကန်နေကြရသော အုပ်စုများအဖြစ် ယှဉ်ပြိုင်ကစားနေကြခြင်းဖြစ်သည်ဟု တွေ့ရသည်။

ပရီမီယာလိဂ် ချန်ပီယံဘွဲ့ကို လုမည့်အုပ်စုမှာ မန်ယူ၊ အာစင်နယ်၊ ချယ်လ်ဆီးတို့ဖြစ်သည်။ ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် ကြိုးပမ်းနေသော အသင်းများမှာ ချာလ်တန်၊ ဖူလ်ဟမ်၊ လီဗာပူး၊ နယူးကာဆယ်၊ ဆောက်သမ်တန်၊ ဘာမင်ဂမ်စသည်တို့ဖြစ်သည်။ တန်းမဆင်းရရေးအတွက် ကြိုးပမ်းကစားနေရသော အသင်းများမှာ လိဒ်စ်၊ ပို့စ်မောက်၊ စပါး(စ်)၊ လက်စတာစသည်တို့ဖြစ်သည်။

သို့ဖြစ်၍ ဒုတိယအကျော့ပွဲစဉ်များသည် အားကစားပရိသတ်များအတွက် ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်။ ပွဲစဉ်(၂၃)အထိ ပထမအကျော့ပွဲစဉ်(၁) မှ (၄)အတိုင်း အပြောင်းအလဲမရှိ ယှဉ်ပြိုင်ကြမည်။ ပွဲစဉ်(၂၄) မှစတင်၍ ပွဲပြီးသည်အထိ ပထမအကျော့ပွဲစဉ်များအတိုင်း ဆက်မကစားတော့ဘဲ ပြောင်းလဲကစားကြမည် ဖြစ်သည်။

ပွဲစဉ်(၂၂)ကို ဇန်နဝါရီလ ၁၇၊ ၁၈၊ ၁၉ ရက်များတွင် ယှဉ်ပြိုင်ကြမည်။

ဇန်နဝါရီ ၁၇ ရက် (စနေနေ့) ဝုလ်ဗာဟမ်တန်-မန်ယူ

ထိပ်ဆုံးအဆင့်နှင့် အောက်ဆုံးအဆင့် ကစားမည့်ပွဲဖြစ်သည်။ ချာလ်တန်နှင့်ပွဲ၌ ဝုလ်ကစားပုံညံ့သည်။ မန်ယူကလည်း နယူးကာဆယ်ကို မထိခလုတ် ထိခလုတ်ကစားခဲ့သည်။ ဂိုးသွင်းချက်များ ဘေးချော်ထွက်နေသည်။ မည်သို့ပင်ဖြစ်စေ နှစ်သင်းယှဉ်လျှင် မန်ယူခြေရည်က များစွာသာသည်။ မန်ယူသည် နယူးကာဆယ်နှင့် ကစားသောပွဲခြေအတိုင်း ထွက်လာဖို့များသည်။ ပထမအကျော့တွေ့စဉ်တုန်းက မန်ယူက ဂိုးပြတ်သွင်းမည်ဟု မှန်းထားသော်လည်း တစ်ဂိုးတည်း ကပ်သွင်းပြီး ပွဲသိမ်းလိုက်သည်။ ဝုလ်ကွင်းမှာ ကစားရမည်။ ယခုပွဲမှာတော့ မန်ယူဂိုးရဖို့ လိုနေပါသည်။ ပထမပွဲထက် ဂိုးပိုသွင်းနိုင်သည်။

အဲဗာတန်-ချာလ်တန် အဆင့်- ၁၂ နှင့် အဆင့်-၄ ကစားမည့်ပွဲဖြစ်သည်။ ချာလ်တန်က ၃၄ မှတ်၊ အဲဗာတန်က ၂၄ မှတ် ရထားသည်။ ဖူလ်ဟမ်နှင့်ပွဲ၌ အဲဗာတန်ခြေရည်ကောင်းသည်။ ဖူလ်ဟမ်ကို ယှဉ်လိုက်ကစားနိုင်သည်။ ၎င်းခြေရည်အတိုင်းဆိုလျှင် ချာလ်တန်ကို ယှဉ်နိုင်သည်။ ချာလ်တန်က ဝုလ်ဖ်ကို ကစားသော ခြေရည်သင့်ရုံ ရှိသည်။ ပထမပွဲတုန်းက ချာလ်တန်၏ နောက်တန်း လျော့တိလျော့ရဲနိုင်သည်။ သို့သော် ချာလ်တန်တိုက်စစ်ကို အဲဗာတန် အချိန်ပြည့် ခံကစားသွားရသည်။ ၎င်းခြေရည်အတိုင်း ပြန်ကစားမည်ဆိုလျှင် ချာလ်တန်နိုင်ချေရှိသည်။ သို့သော် အဲဗာတန်ကွင်းမှာ ကစားရမည်။ ယခုပွဲမှာ အဲဗာတန်ဘက်က အလေးသာသည်။

ဘော်လ်တန်-ပို့စ်မောက်

အဆင့် ၁၁ ဘော်လ်တန်နှင့် အဆင့် ၁၇ ပို့စ်မောက်တို့ ကစားကြမည်။ ဘော်လ်တန် ၂၆မှတ်၊ ပို့စ်မောက် ၂၂ မှတ်အသီးသီးရကြသည်။ ဘလက်ဘန်းနှင့်ပွဲတွင်ဘော်လ်တန် ခြေရည်သင့်ရုံပဲရှိသည်။ ကောင်းသည်ဟု ပြောရန်ခက်သည်။ မန်စီးတီးကိုနိုင်သော ပို့စ်မောက်ခြေကလည်း သာမန်လောက်ရှိသည်။ ရှေ့ပွဲ ခြေရည်ကိုကြည့်လျှင် အတူတူလောက်ပဲရှိသည်။ ပထမပွဲမကစားခင်က ပို့စ်မောက်အနည်းငယ်သာ

အားကစားသတင်းထောက်

သည်ဟုတွက်ကြသည်။ တကယ်ကစားတော့ ပို့စ်မောက်ကောင်းလွန်းသည်။ ၄-၀ဖြင့် နိုင်သည်။ ပထမခြေအရ စဉ်းစားလျှင် ပို့စ်မောက်ပဲနိုင်ချေများသည်။ သို့သော် ဘော်လ်တန်ကွင်းမှာ ကန်ရမည်။ နှစ်သင်းစလုံး ဂိုးကွာခြားချက် အနုတ်ပြကြသည်။ ပို့စ်မောက်က -၇၊ ဘော်လ်တန်က -၈ ဖြစ်သည်။ ထို့ကြောင့် ဂိုးကွာခြားချက်မှာ သိပ်ကြီးမားဖြစ်မည်မဟုတ်။ ယခုပွဲမှ ဘော်လ်တန်ပြန်နိုင်သွားနိုင်သည်။

မစ်ဒယ်ဘရော့-လက်စတာ

အဆင့် ၁၃ မစ်ဒယ်ဘရော့နှင့် အဆင့် ၁၈ လက်စတာ ကစားမည်။ ဘိုရိုက ၂၄ မှတ်၊ လက်စတာက ၁၉ မှတ်ရကြသည်။ခံကစားနိုင်သည့် ခြေရည်ရှိသော ဘိုရိုသည် အာစင်နယ်နှင့် ပွဲ၌ ညံ့လွန်းသည်။ အာစင်နယ်လုပ်သမျှခံခဲ့ရသည်။ လက်စတာသည် ချယ်လ်ဆီးနှင့် ပွဲတွင် မဆိုးဟုဆိုနိုင်သည်။ ဒုတိယပိုင်းကစားပုံကောင်းသည်။ ဘိုရိုကို ၎င်းအနေအထားမျိုးဖြင့် ယှဉ်ကစားနိုင်သည်။ ပထမအကျော့တုန်းက လက်စတာခြေရည်ကို ပိုတွက်ခဲ့ကြသည်။ ပွဲအပြီးမှာ ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ရှေ့ပွဲများနှင့် ပထမအကျော့ ပွဲခြေရည်များကိုကြည့်လျှင် မတိမ်းမယိမ်း ရှိကြသည်။ ဤတစ်ကြိမ်၌ လက်စတာက ဘိုရိုကွင်းမှာ သွားကစားရမည်။ ဂိုးကွာခြားချက်နှစ်သင်းစလုံး အနုတ်ပြသည်။ ဘိုရိုက -၆၊ လက်စတာ -၈ ဖြစ်သည်။ ယခုပွဲမှာ ဘိုရိုနိုင်ချေရှိသည်။

ဆောက်သမ်တန်-လိဒ်စ်

အဆင့် ၉ စိန့်နှင့် အဆင့် ၁၉ လိဒ်စ်တို့ ကစားမည်ဖြစ်သည်။ စိန့်က ၂၇ မှတ်၊ လိဒ်စ်က ၁၇ မှတ် ရထားကြသည်။ စပါးစ်နှင့်ပွဲတွင် လိဒ်စ်ကစားပုံညံ့သည်။ စပါးစ်ကို အထက်မှ စီးကစားနိုင်သော်လည်း အောက်မှ လိုက်ကစားခဲ့ရသည်။ ဘာမင်ဂမ်နှင့်ပွဲ၌ စိန့်ကစားပုံ အမှားကြောင့် ရှုံးရခြင်းဖြစ်သည်။ နှစ်သင်းစလုံး ခြေရည်ကောင်းကြ



လီဗာပူးအသင်းမှ တိုက်စစ်မှူး ဟယ်ရီကီးဝဲဂိုးသွင်းပြီး နောက် အောင်ပွဲခံနေစဉ်။

သည်။ ပထမပွဲ တွေ့စဉ်တုန်းက စိန့်က တော်တော်လေးခြေစွာနေလို့လိဒ်စ်ကို သရေလောက်ကစားနိုင်မည်ဟုတွက်ကြသည်။ ထင်သည့် အတိုင်းသရေကျခဲ့သည်။ ပွဲစဉ် ၂၂ရောက်သည့်အခါ အခြေအနေများစွာပြောင်းလဲသွားခဲ့သည်။ စိန့်က ပေးဂိုးထက် သွင်းဂိုးနှစ်ဂိုး ပိုရထားသည်။ လိဒ်စ်မှာ-၂၄ ဂိုးပြနေသည်။ စိန့်ကွင်းမှာ ကစားရမည်။ သို့ဖြစ်၍ ယခုပွဲမှာ စိန်နိုင်ချေများသည်။

မန်စီးတီး-ဘလက်ဘန်း

အဆင့် ၁၅မန်စီးတီးနှင့် အဆင့် ၁၆ဘလက်ဘန်းကစားကြမည့်ပွဲဖြစ်သည်။ ၂၂ မှတ်တူကြသည်။ မန်စီးတီးသည် ပို့စ်မောက်နှင့်ပွဲတွင်လည်းကောင်း၊ ဘလက်ဘန်းသည်လည်း ဘော်လ်တန်နှင့် ပွဲ၌လည်းကောင်းညံ့ကြသည်။ မန်စီးတီး ညံ့ချက်က ဘလက်ဘန်းထက်ပိုသည်။ နှစ်သင်းယှဉ်လျှင် မန်စီးတီးက အနည်းငယ်သာသည်။ သို့သော် ပြိုင်ပွဲစဉ်က ဘလက်ဘန်း ခြေရည်ကောင်းနေသည်။ မန်စီးတီးကိုနိုင်မည်ဟုတွက်ကြသည်။ ပွဲပြီးခါနီး ၈၇ မိနစ်မှာ မန်စီးတီးတစ်ဂိုးကပ်သွင်းပြီး ၃-၂ဖြင့် နိုင်သွားသည်။ ပထမတွေ့စဉ်ကပွဲမှာ စိတ်လှုပ်ရှားဖွယ် ကောင်းသည်။ မန်စီးတီးကွင်းမှာ ကစားရမည်။ ဂိုးကွာခြားချက်နှစ်သင်းစလုံး အနုတ်ပြကြသည်။ မန်စီးတီး-၂၊ ဘလက်ဘန်းက-၄ ဖြစ်သည်။ ရှေ့ပွဲများ နှစ်သင်းစလုံးကျပ်သည်။ မန်စီးတီးက အာစင်နယ်နှင့်ကစားရမည်။ ဘလက်ဘန်းက ချယ်လ်ဆီးနှင့် ကစားရမည်။ ထို့ကြောင့် ယခုပွဲကိုသရေလောက်သာမှန်းသည်။ နိုင်မည်ဆိုလျှင် မန်စီးတီးပဲ ဖြစ်ဖို့များသည်။

စပါးစ်-လီဗာပူး

အဆင့် ၁၄စပါးစ်နှင့် အဆင့် ၅ လီဗာပူးတို့ကစားမည့်ပွဲဖြစ်သည်။ လီဗာပူးက ၃၂မှတ် စပါးစ်က ၂၄မှတ်ရထားသည်။ လိဒ်နှင့်ကစားသော စပါးစ်ခြေရည်ကောင်းသည်ဟု မဆိုနိုင်ပါ၊သင့်ရုံသာရှိသည်။ လီဗာပူးကလည်း ဗီလာနှင့်ပွဲတွင်



အာစင်နယ်အသင်း၏ ကွင်းလယ်ကစားသမား ဖရက်ဒီယွန်းဘတ်။

သာမန်လောက်ပဲ ကစားအားရှိခဲ့သည်။ နှစ်သင်းယှဉ်လျှင် လီဗာပူးခြေသာသည်ကို ပရိသတ်များသိသည်။ သို့ဖြစ်၍ ပထမအကျော့ပွဲစဉ် တွင် လီဗာပူးနိုင်မည်ဟု တွက်ခဲ့ကြသည်။ ပွဲကစားတော့စပါးစ်ကတောင် လီဗာပူးကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ပွဲအပြီးမှာ ဂိုးမရှိ သရေကျသည်။ စပါးစ်ကွင်းမှာ ကစားရမည်။ လီဗာပူးက ပေးဂိုးထက် ကိုးဂိုးပိုသွင်းထားနိုင်သည်။ စပါးစ်က ခြောက်ဂိုး ပိုသွင်းခံထားရသည်။ ဘယ်လိုပဲ ကြည့်ကြည့် လီဗာပူးနိုင်ချေများသည်။ တစ်ခါတစ်ရံဘောလုံးပွဲဆိုတာ မထင်မှတ်တာများဖြစ်တတ်သည်ကိုလည်း ကြိုတင်တွက်ဆထားရမည်ဖြစ်သည်။

ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) အက်စတွန်ဗီလာ-အာစင်နယ်

အဆင့် ၁၀ရှိသော ဗီလာကအဆင့် ၂ အာစင်နယ် ကို ကစားရမည်ဖြစ်သည်။ အာစင်နယ် ၄၉မှတ်၊ ဗီလာက ၂၇ မှတ်ရထားသည်။ လီဗာပူးနှင့်ပွဲ၌ ဗီလာ၏ ပထမပိုင်းကစားပုံကောင်းသည်။ ကွင်းလယ်ကို ကောင်းကောင်းထိန်းနိုင်သည်။ ၎င်းခြေရည်ဆိုလျှင် အာစင်နယ်ကို လိုက်ကစားနိုင်မည်ဖြစ်သည်။ အာစင်နယ်ကလည်း ဘိုရိုနှင့်ပွဲတွင် တောက်လျှောက်အပေါ်မှစီးကစားနိုင်သည်။ ကစားပုံငြိမ်လွန်းသည်။ပထမအကျော့ဗီလာနှင့်အိမ်ကွင်းမှာတွေ့တုန်းကလည်း အာဆင်နယ်က အပေါ်မှ စီးကစားသွားသည်။ သို့သော် ပထမပိုင်း၌ ဂိုးမရှိ သရေကစားခဲ့သည်။ ဒုတိယပိုင်းမှ နှစ်ဂိုးသွင်းခဲ့သည်။

ထိုစဉ်က ပရိသတ်များ မျှော်မှန်းထားသည့်အတိုင်း အဖြေထွက်ခဲ့သည်။ ယခုပွဲကို အာစင်နယ်က ဗီလာကွင်းမှာ သွားကစားရမည်။ ဂိုးကွာခြားချက်တွင် အာစင်နယ်က ၂၆၊ ဗီလာက -၄ ဖြစ်သည်။ ရှေ့ပွဲများကြည့်လျှင် အာစင်နယ်အနည်းငယ်ကျပ်သည်။ ဗီလာက ချောင်သည်။ အာစင်နယ်က မန်စီးတီးနှင့် ကစားရမည်။ ဗီလာက လက်စတာနှင့်ကစားရမည်။ ထို့ကြောင့် ယခုပွဲကိုအာစင်နယ် အနိုင်ရအောင် ကစားလိမ့်မည်။

ချယ်လ်ဆီး-ဘာမင်ဂမ်

အဆင့် ၈ ဘာမင်ဂမ် အဆင့် ၄ ချယ်လ်ဆီးကို ယှဉ်ကစားရမည်။ ချယ်လ်ဆီး က ၄၅ မှတ်၊ ဘာမင်ဂမ်က ၂၉ မှတ်ရထားကြသည်။ လက်စတာကို ချယ်လ်ဆီးနိုင်ခဲ့သော်လည်း ခြေရည်အရ အသာစီးမရခဲ့ချေ။ ကစားပုံ၊ ကစားကွက် သာမန်ပဲရှိသည်။ စိန့်နှင့်ပွဲ၌ ဘာမင်ဂမ်ကစားပုံ အသင့်အတင့်လောက်သာ ကောင်းသည်။ ၎င်းပွဲခြေအရ ဆိုလျှင် ဘာမင်ဂမ်က ချယ်လ်ဆီးကိုနိုင်ချေမရှိချေ။ ပထမအကျော့တွေ့စဉ်က ချယ်လ်ဆီး ခြေရည်ကောင်းနေသည်။ ချယ်လ်ဆီးနိုင်မည်မှန်းကြသည်။ သို့သော်ရလဒ်မှာ ဂိုးမရှိ သရေကျခဲ့သည်။ ယခု တစ်ကြိမ်ချယ်လ်ဆီးကွင်းမှာ ကန်ရမည်။ပထမအကျော့အနေအထားနှင့်မတူတော့ချေ။ဂိုးကွာဟချက်တွင် ဘာမင်ဂမ်က ၆ ပြထားသည်။ ချယ်လ်ဆီးက ပေးဂိုးထက် ၂၃ ဂိုးပိုသွင်းထားသည်။ရှေ့ပွဲသည် ချယ်လ်ဆီးက ဘာမင်ဂမ်ထက်ချောင်သည်။ မည်သို့ပင်ဖြစ်စေ ယခုပွဲ၌ ချယ်လ်ဆီးအနိုင်ရမည်ဟု ထင်ရသည်။

ဇန်နဝါရီ ၁၉ ရက် (တနင်္လာနေ့) နယူးကာဆယ်-ဖူလ်ဟမ်

အဆင့် ၇ နယူးကာဆယ်နှင့်အဆင့် ၆ ဖူလ်ဟမ်တို့ ကစားရမည်။ ဖူလ်ဟမ်က ၃၁ မှတ်၊ နယူးကာဆယ်က ၃၀ မှတ်ရထားသည်။ မန်ယူကို သရေကစားနိုင်ခြင်းမှာ နယူးကာဆယ်ခြေရည်ကောင်း၍မဟုတ်ပါ။ မန်ယူ ဂိုးပေါက်ချော်နေသောကြောင့်ဖြစ်သည်။ သို့သော် နယူးကာဆယ်၏ ပထမပိုင်းကစားပုံကောင်းသည်။ ၎င်းခြေရည်မျိုးဖြင့် ကစားမည်ဆိုလျှင် ဖူလ်ဟမ်နှင့်ပွဲသည် ပွဲကောင်းဖြစ်နိုင်သည်။ အဲဗာတန်ကို ဖူလ်ဟမ်နိုင်သော်လည်း ကစားပုံ၊ ကစားကွက်ညံ့သည်။ အဲဗာတန်ခံကစားသည်ကို ခံခဲ့ရသည်။ ပထမအကျော့ ၌ ၎င်းပွဲကို သရေလောက်သာ ခန့်မှန်းခဲ့ကြသည်။ သို့သော်နယူးကာဆယ်က ၃-၂ ဖြင့် နိုင်သည်။ ရှေ့ပွဲအနေအထားကိုကြည့်လျှင်ဖူလ်ဟမ်ပွဲချောင်သည်။ စပါးစ်နှင့်ကစားရသည်။ နယူးကာဆယ်က ဘာမင်ဂမ်နှင့် ကစားရမည်။ ကစားရမည့်ကွင်းမှာ နယူးကာဆယ်တွင် ဖြစ်သည်။ ဂိုးကွာခြားချက်မှာ နှစ်သင်းစလုံး အပေါင်းလက္ခဏာပြကြသည်။ နယူးကာဆယ်က ၅၊ ဖူလ်ဟမ်က ၄ ဖြစ်သည်။ ယခုပွဲကို သရေမှန်းသည်။ နိုင်မည်ဆိုလျှင် တစ်သင်းတစ်သင်းက ပွတ်ကာသီကာနိုင်မည်။ ဖူလ်ဟမ်က မဆိုသလောက်သာသည်။

မြို့အဝင်မုခ်ဦး ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်း မြောင်းမြခရိုင်လပွတ္တာမြို့တည် (၈၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြို့အဝင်မုခ်ဦး ဆိုင်းဘုတ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် လပွတ္တာမြို့ သင်္ဘောဆိပ်၌ ကျင်းပရာ မြောင်းမြခရိုင်နှင့် လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြပြီး မြို့အဝင်မုခ်ဦး ဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် လပွတ္တာမြို့ အမှတ်(၄) ရပ်ကွက် နွယ်နီလမ်းကိုယ့်အား ကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။ အဆိုပါ ကိုယ့် အားကိုယ်ကိုးကတ္တရာလမ်းသစ်မှာ အကျယ် ၁၂ ပေ၊ အရှည် ပေ ၇၀၀ ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းဥပဒေအရာရှိ ရေတာရှည်မြို့တွင် ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၅

ပဲခူးတိုင်း ဥပဒေအရာရှိ ဦးဟန်ညွန့်သည် တောင်ငူခရိုင် ဥပဒေအရာရှိ ဦးစိုးလွင်နှင့် ဦးစီးအရာရှိများ လိုက်ပါလျက် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် ဥပဒေရုံးသို့ ရောက်ရှိသည်။

မြို့နယ်ဥပဒေအရာရှိ ဒေါ်လဲ့လဲ့ဝင်းနှင့် ဒု-မြို့နယ်ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဥပဒေရေးရာ၊ စီမံရေးရာများ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့သည်။ (က-ပ)







အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ကိုသန်းဇော် 2nd MATE (F.G)–မမျိုးမျိုးကြိုင်တို့၏ဖခင် **ဦးစိုးမြင့်(ခ)** **ဒူးရင်းသီးဦးစိုးမြင့်**အား ၄–၁–၂၀၀၄ခုနှစ်တွင် နိုင်ငံတော်မှထပ်မံချီးမြှင့်သော **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့**ကို ထိုက်တန်စွာရရှိခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း။

ဒေါ်ကျင်ရွှေမိသားစု [ရွှေအကယ်ဒမီ ကွန်ပျူတာနှင့်အော့(ဖ်)ဆက်]
၃၅လမ်း၊ ၈၉/၉၀လမ်ကြား၊ မန္တလေးမြို့။

အမည်မှန်

ဦးစိုးမောင်၏သား အထက(၃)၊ မြောက်ဥက္ကလာ၊ အဌမတန်း(E)မှ မောင်ကျော်သီဟစိုး၏ အမည်မှန်မှာ မောင်ကျော်ဇေယျာစိုးဖြစ်ပါကြောင်း။

အမည်ပြောင်းခေါ်ပါရန်

အမက(၇)တာမွေ၊ သူငယ်တန်း(ခ)မှ မဆုပြည့်စုံဖြိုး(ဘ) ဦးပြည့်ဖြိုးမင်းအား ယနေ့မှစ၍ မရွှန်းထက်ဦးဟု အမည်ပြောင်းလဲခေါ်ပါရန်။

မရွှန်းထက်ဦး။

အမည်ပြောင်းခြင်း

ဦးတင်ထွန်းအောင်–ဒေါ်တင်တင်ဝင်းတို့၏သမီး မော်လမြိုင်မြို့၊ အထက(၇)၊စတုတ္ထတန်း(B)မှမလဲ့လဲ့ဝင်းထွန်းအား မဝင်းမြတ်ဦးဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မဝင်းမြတ်ဦး။**

အမည်ပြောင်းခြင်း

ဦးခင်ဇော်မောင် – ဒေါ်သန်းသန်းဦးတို့၏သမီး အထက(၂)လသာ အဌမတန်း(က)မှ မရွှေရည်ဖြိုးမောင် အမည်အား ယနေ့မှစ၍ မဝေနှင်းဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မဝေနှင်းဖြိုး။**

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် ယ/၂၇၇၂ နှင့် ယ/၅၃၈၇၆ လက်ဝယ်ရှိသူမှ(ကမ–၃)မိတ္တူ ပျောက်ဆုံးလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ပါသည့်ရက်မှ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)သို့ ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

ကားသန့်ရောင်းမည်

နံ/---Publica MD-81 A/C
ဒ/---Hilux ငါးဂီယာ MD-79

ဖုန်း–၆၃၅၆၉၅။

ကားဝယ်လိုသည်

Atlas, Dyna (10)ပေ၊ ဒီဇယ်၊ (၂)တန်၊ အက္ခရာ လ/သ/အ/၁က။

ဖုန်း–၅၀၀–၄၄၉၃။





တိုင်းတစ်ပါးကျူးကျော်မှုဒဏ်ကို ခံစားနေရသော အီရတ်ပြည်သူများ၏

အနိဋ္ဌာရုံများ အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင်

စာအုပ်များ၏ နောက်ဆက်တွဲ နောက်ဆုံးဖြစ်ရပ်များ။

ထွက်ပြီ

- **သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင် အမှတ်–၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။**
- **ကြေးမုံသတင်းစာတိုက် အမှတ်–၇၇၊ ၅၂လမ်း ရန်ကုန်မြို့တို့တွင် ရရှိနိုင်သည်။**



ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး
ဖယောင်းပျက်နှင့်လင်းနို့ချေးရောင်းချရန်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တွင် မီးသင့်ဖယောင်းပျက်ပိဿာ (၄၇၁၂ဒသမ ၇၅)နှင့် လင်းနို့ချေး (၁၅၆၀)တို့ကို ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို တစ်စောင်လျှင် ၅၀၀ိ/-နှုန်းဖြင့် ဝယ်ယူ၍ တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။ ၂၁-၁-၂၀၀၄ရက်နေ့ နံနက် (၁၁:၀၀)နာရီ နောက်ဆုံးထား၍ ချိပ်ပိတ်တင်သွင်းနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး၌ စုံစမ်းနိုင်ပါသည်။

ဝင်းကြိုင်
ရုံးအဖွဲ့မှူး။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (Y.M.B.A)
သီတဂူဓမ္မသဘင်အထူးတရားပွဲ

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သပိတ်အိုင်တောရ၊ သဲကုန်းဆရာတော် အရှင်ဒေါက်တာဉာဏိဿရ (D.Litt)၏ အထူးတရားပွဲကို ဇန်နဝါရီလ(၁၇)ရက်၊ ပြာသိုလပြည့်ကျော်(၁၁)ရက် စနေနေ့ညနေ (၆)နာရီတွင် အမှတ်(၇၇)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (Y.M.B.A)ရှေ့ရှိ ဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်တရားတော်နာယူကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။ **သီတဂူတရားပွဲကျင်းပရေး။**



အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါအဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေး ပါရန်နှင့် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လာပါက စာရွက်စာတမ်းအထောက် အထားများနှင့် အတူ ကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့်တိုက်နှင့်အခန်းအမှတ်
၁။	ဦးသန်းဌေ (KPW-၀၃၀၇၈၉)	ဒေါ်ခိုင်ဆုမြတ် [၁၂/ကမရ(နိုင်) ၀၁၃၆၈၉]	တိုက်-၁၅၊ အခန်း-၄၅၊ ပြည်ရိပ်မွန်အိမ်ရာ
	ဦးအောင်ကျော်စိုး (KMYT-၀၁၂၂၈၆)		

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်မြို့နေ ဦးခင်မောင်[၁၂/သဃက(နိုင်)၁၃၂၅၈၉]၊ ဦးလှမြင့် [၇/ပတတ(နိုင်)၀၈၄၅၃၂]၊ ဦးလျှာကတ်အာလီ၊ ဦးကော်ရိမ်တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး အကြောင်းကြား သိစေအပ်ပါသည်။

၁။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကွမ်းသီးပင်ကျေးရွာအုပ်စုရှိ ဦးပိုင်အမှတ် ၁/၁၊ ၂/၁၊ ၁/၂၊၅၊ ၆၊ ၈၊ ၉၊ ၁/၁၁၊ ၂/၁၁၊ ၁၅၊ ၁၆၊ ၁/၂၂၊၂၆၊၁/၂၇၊ ၃၀၊ ၃၂၊ ၃၆၊ ၁/၄၃၊ ၂/၄၃၊ ၁/၅၁၊၂/၅၁၊ ၃/၅၁၊ ၄/၅၁၊၅/၅၁၊ ၆/၅၁၊ ၇/၅၁၊ ၁/၅၁၊ ၃၆၊ ၁/၄၃၊ ၅၆၊ ၅၇၊ ၅၉၊ ၇၄ (မြေဧရိယာ ၁၀၅ ဒသမ ၂၇၈က)ရှိ မြေမှာ ကွယ်လွန်သူများဖြစ်ကြသော (၁)ဦးဆူလ်တန်အာမတ်၊ (၂)ဦးမဟာမတ်ဝါရိစ်၊ (၃)ဦးဒူဒူမျာ၊ (၄)ဦးဇာဖော်ရ် အာမတ်နှင့် (၅)သက်ရှိထင်ရှားရှိသူ ဦးအာဘူအာမတ်တို့ ညီအစ်ကို (၅)ဦးတို့ပိုင်ဆိုင်သော မြေများဖြစ်ပါသည်။ ယခုအခါ ယင်းဖော်ပြပါမြေကို ဦးဆူလ်တန်အာမတ်ပါ (၅)ဦးတို့၏ သားသမီးများက အမွေဆက်ခံရရှိခဲ့သော မြေများဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါမြေကို အမွေဆက်ခံခွင့်ရှိသူအားလုံး၏ သဘောတူခွင့်ပြုချက်မရှိဘဲ အမွေဆိုင်တစ်ဦးဦးက ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ အခြားနည်းအမျိုးမျိုးဖြင့် လွှဲပြောင်းပေးခြင်းများ လုံးဝမပြုလုပ်ကြရန် ကျပ်တည်းစွာ သတိပေး တားမြစ်လိုက်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့သည်ရှိသော် ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ထပ်ဆင့်သတိပေး လိုက်ပါသည်။

၃။ အထက်အပိုဒ်(၁)ပါ မြေများအပြင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကွမ်းသီးပင်အုပ်စုရှိ အထက် ဦးဆူလ်တန်အာမတ်ပါ (၅)ဦးတို့ပိုင်ဆိုင်သော ကွင်းအမှတ်(၃၀/က) နံ့သာတောင်ကွင်းရှိ ဦးပိုင်အမှတ်(၁၁)၊ (၅/၁)၊ (၉+၁၆)၊(၁/၀)၊(၃၆) မြေဧရိယာ (၅၁ ဒသမ ၀၀)ရှိ မြေကွက်ကိုလည်း အမွေဆိုင်အားလုံး၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်ကိုလည်း လေးနက်စွာ တားမြစ်သတိပေးလိုက်ပါသည်။

၄။ အထက်အပိုဒ်(၁)နှင့်(၃)ပါ မြေများကို အမွေဆိုင်အားလုံး၏ ခွင့်ပြုချက်မရှိဘဲ ဝယ်ယူ၊ လက်ခံ၊ လက်ဝယ်ထားရှိသူများကိုလည်း ဥပဒေအရ အရေးယူရန် စီစဉ်လျက်ရှိကြောင်း သတိပေးအကြောင်းကြားအပ်ပါသည်။

ဦးခင်မောင်၊ ဦးလှမြင့်၊ ဦးလျှာကတ်အာလီ၊ ဦးကော်ရိမ်တို့၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးလှိုင်(တရားရုံးချုပ်ရှေ့နေ)စဉ်-၁၇၄၁
အမှတ်(၆)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗိုလ်ချုပ်(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်။

ဝမ်းမြောက်ကြောင်းဂုဏ်ပြုခြင်း

ရေးမြို့နယ်၊ လမိုင်းမြို့၊ ကျိုက်ကေလာသ ဆံတော်ရှင်စေတီတော်၏ ထီးတော်နှင့် စိန်ဖူးတော် မတည်အလှူရှင်၊ ရှင်(၁၀၀၁)ပါး၊ ရဟန်း(၁၂၈)ပါးတို့၏အလှူဒါယကာကြီး ရေးမြို့နယ်အသင်းနာယက **ဦးချူသန်း**အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)အရ **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ရေးမြို့နယ်အသင်း (ရန်ကုန်)။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊
အမှတ်(၆၇၁)နေ ဦးခင်လှိုင်-ဒေါ်ချိုချိုတို့၏သားကြီး
မောင်အောင်လှိုင်ဖြိုး(ခ)သားကြီး နှင့်
ဘိုကလေးမြို့၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၃၅)နေ
(ဦးကျန််-ဒေါ်တင်ဥ)တို့၏သမီး
မခင်စိုး(ခ)မခင်ဝင်းထွန်း
(မိဘမေတ္တာဆန်ရောင်းဝယ်ရေး)
တို့သည် ၂၇-၁၂-၂၀၀၃နေ့တွင် နှစ်ဖက်သောဆွေမျိုးမိဘများ၏ သဘောတူညီချက်အရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
မောင်အောင်လှိုင်ဖြိုး-မခင်စိုး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သဃ်န်းကျွန်းလမ်း၊ တိုက်အမှတ်-A3၊
အခန်း(၀၀၁)နေ (ဦးလင်ဘီကောင်း- ဒေါ်အဟိန်)တို့၏သား
မောင်စိန်ကြိုင်
နှင့်
ရေဆင်းသစ်တောသုတေသနဌာနဝင်း၊ C-၂၀နေ
ဦးအာသာမန်း-ဒေါ်ကြူကြူရွှေတို့၏သမီး
မမေသူမန်း
တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ၇-၁-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့်ကိုစိန်ကြိုင် - မမေသူမန်း။**



ကုန်အမှတ်တံဆိပ် သတိပေးတားမြစ်ချက်

အောက်ပါ"CHERRY"အမည်ပါ တံဆိပ်အမှတ်အသားကို ယောက်ျားစီး၊ မိန်းမစီး၊ ကလေးစီး ဖိနပ်အရွယ်အစား အမျိုးမျိုးပေါ်တွင် ရိုက်နှိပ်၊ ကပ်နှိပ်အသုံးပြုရန်အတွက် ဦးသက်လွင် [E/RGN-၀၂၀၄၁၇]က ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အထက်တံဆိပ်အမှတ်အသား ရိုက်နှိပ်ထားသော ဖိနပ်များကို ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၁၆၁)၊ ချယ်ရီဖိနပ်ဆိုင် တစ်ဆိုင်တည်းမှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိလျက်ရှိပါသည်။

ယခုအခါ ယင်း"CHERRY"အမည်ပါ အမှတ်တံဆိပ်ကို မသမာသူများက ပုံတူကူး၍သော်လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ အစစ်ဟု ရတ်တရက်ထင်မှတ်စေရန် တစ်နည်းနည်းဖြင့် ပုံမှားရိုက်၍သော်လည်းကောင်း၊ အတုပြုလုပ်ရောင်းချလျက်ရှိကြောင်း ကြားသိရသဖြင့် ထိုမသမာသူတို့အားဖော်ထုတ်၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်သည်။

ဦးသက်လွင်၏ညွှန်ကြားချက်အရ-
ဦးမောင်မောင်သန်း(အထက်တန်းရှေ့နေ)
အမှတ်(၅၅)၊ အခန်း(၇)၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။





"နှစ်သစ်ကူးအထူးသတင်းကောင်း"

(၂၀၀၄-ခုနှစ် နှစ်သစ်ကို ကြိုဆိုသောအားဖြင့်)

Pearl Condominium (ပုလဲကွန်ဒိုမီနီယံ) ဗဟန်းမြို့နယ်၊ (ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်)နှင့် **Diamond Condominium** (ဒိုင်းမွန်းကွန်ဒိုမီနီယံ) ကမာရွတ်မြို့နယ်၊ ပြည်လမ်းမပေါ် (စိန်ရတုခန်းမရှေ့)ရှိ ၂၀၀၃-ခုနှစ် ရောင်းရန်ကျန်ရှိသော လက်ကျန်တိုက်ခန်းများကို **အထူးနှုန်းဖြင့်** ရောင်းချပေးမည်ဖြစ်ပါကြောင်း မေတ္တာရှေ့ထား သတင်းကောင်းပါးအပ်ပါသည်။

အရောင်းခန်းမ ☐ **Asia Express (Ygn) Co.,Ltd.**
ပုလဲကွန်ဒိုမီနီယံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ [illegible]
[illegible] (နံနက် ၉နာရီ မှ ညနေ ၅နာရီအထိ)

NPE **NPE**

[illegible]

- [illegible]
- (မြန်မာ-အင်္ဂလိပ်)
- [illegible]

[illegible]
(၂၀၂) [illegible] ရန်ကုန်မြို့
☎ [illegible]

သတိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ဘုရင့်နောင် မြေကွက်အမှတ် (၈/၄၅)၊ မြေအကျယ် (40'x60')ရှိ မြေငှားဂရန်မြေသည် ကျွန်ုပ်၏မိတ်ဆွေ စီယာချင်ဟို (ခ)ဦးခင်မောင်သန်းနှင့် ဦးသန်းမောင်၊ ဦးပွေဝမ်းတို့(၃)ဦး အမည်ပေါက်ပူးတွဲပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ကို ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်း သဘောတူညီချက်မရှိဘဲ ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင်ရှိသည့် အဆောက်အအုံအားလုံးအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်း မပြုရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမပြုဘဲ ဆောင်ရွက်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

စီယာချင်ဟို(ခ)ဦးခင်မောင်သန်း၏ညွှန်ကြားချက်အရ-
ဦးသန်းဝင်း B.A (Geog) HGP, R.L,D.B.L
တရားရုံးချုပ်ရှေ့နေ
အမှတ်(၁၈၈)၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၃၇၂၁၃၄။

Yan Aung

[illegible]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ထ/၆၈၄၆ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဋ္ဌေး [ကေဝိုင်အန်-၀၄၂၄၀၆]မှ ဆက်လက်မှတ်ပုံတင်ခွင့်ပြုနိုင်ပါရန် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကညန၊ ခရိုင်ရုံး(ကော့ကရိတ်) ကော့ကရိတ်မြို့သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ ကညန(ကော့ကရိတ်)။

LEUCODERMA

[illegible]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇က/၈၆၆၂၊ ၂ခ/၂၈၆၇၊ ၇က/၅၈၈၆၊ ၂ခ/၃၆၅၂၊ ၉က/၉၅၀၁၊ ၁ခ/၇၆၈၅၊ ၈က/၈၃၆၁ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဒေါ်မုမု (အက်စ်အာအမ်-၀၀၃၄၅)က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်(၁၀)အတွင်း ကညန၊ ခရိုင်ရုံး(သန်လျင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(သန်လျင်)။**

ငွေချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀)
ရန်ကုန်တိုင်းတောင်ပိုင်းခရိုင်တရားရုံး
၂၀၀၃ခုနှစ်၊ တရားမကြီးအမှုအမှတ်-၃၃၊

၁။ ဦးသိန်းထွန်း		၁။ အက်စ်ရာမဆာမိချစ်တီးယား
၂။ ဦးစိုးမြင့်နိုင်		၂။ အူကလာပန်ချစ်တီးယား
၃။ ဦးရဲမြင့်	နှင့်	၃။ အမ်အနာမလဲချစ်တီးယား
၄။ ဦးအာလချွန်း		၄။ ရာမာနာသမ်ချစ်တီးယား
		၅။ အက်စ်ရာမာနာသန်(ခ)ဦးမြင့်သိန်း
တရားလိုများ		**တရားပြိုင်များ**

(၂)အူကလာပန်ချစ်တီးယား၊ (၃)အမ်အနာမလဲချစ်တီးယား၊ (၄)ရာမာနာသမ်ချစ်တီးယား၊ အမှတ်(၇၀)၊ အောင်ဇေယျလမ်း၊ အမှတ်(၄)ရပ်ကွက်၊ သုံးခွမြို့ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးအမှုအမှတ် ၆/၉၁တွင် တရားပြိုင်များသည် မဟုတ်မမှန် လိမ်လည်ဖော်ပြပြီး ရရှိခဲ့သော ဒီကရီ မှာ တရားလိုများအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြော်ငြာပေးစေ လိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၂၆ရက် (၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူများက တရားလိုများ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်ဆွေရီ
ခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး။

Junior Management & Office Staff Training

- ကွန်ပျူတာ (MS Word, Excel, Accpac)
- [illegible]
- Fax, E-mail [illegible]

MCC [illegible]

---

(၁)လပြည့် [illegible]

[illegible]

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဖေ အသက်(၈၄)နှစ်
လ/ထ မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ပုသိမ်မြို့

ဦးသိန်းဖေသည် ၉-၁-၂၀၀၄နေ့တွင် မန္တလေးမြို့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်ဝင်း-ဒေါ်သီသီရွှေ (တာမွေဥပဒေရုံး)။

[illegible]

ဖြည့်စွက်ဖတ်ရှုပါရန်

၈-၁-၂၀၀၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)၊ ကော်လန်၃၊ ၄ ပါ ဝန်ထမ်းအလိုရှိသည် (Greenune Myanmar Group Co.,Ltd.) ကြော်ငြာ အမှတ်စဉ်(၆)၊ Sales & Marketing Staff တွင် ကျား/မ(၅)ဦးဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ကျေးဇူးတင်ရှိခြင်း

၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဦးစိန်မင်း (၄၉)နှစ်၏ ဈာပနတွင်အဘက်ဘက်မှလိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီပေးကြသော ချင်းပြည်နယ် အုပ်ချုပ်ရေးမှူး၊ ဖလမ်းခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့်ဇနီး၊ကလေးခရိုင်နှင့် ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ လုပ်ဖော်ကိုင်ဖက်များအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မိုဟမ္မဒ်အီစွမေး(ခ)မောင်အောင်မင်းထွေး [၈/ခမန(နိုင်)၀၀၂၀၅၄]သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါ၍ ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှကိစ္စအားလုံး လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဟာဂျီ ဦးမီဒါ၊
[၈/ခမန(နိုင်)၁၀၂၁၈၅]
ဟာဂျီမ ဒေါ်ဆဘူရာဘီ
[၈/ခမန(ပြု)၀၀၀၀၅၈]။

သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ								
စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	CF-[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	KKK-[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မအေးဖြူဖြူ [၁၂/မဂတ(နိုင်)၀၈၄၄၀၃]သည် ၎င်းဆန္ဒအရ နေအိမ်မှဆင်းသွားပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်မယူပါ။

ဦးအောင်ထက်
[၁၂/မဂတ(နိုင်)၀၅၁၅၇၈]
ဒေါ်စန္ဒာ
[၁၂/မဂတ(နိုင်)၀၁၆၆၃၄]။

ဒိုဘာမင်ခွေးအမျိုးကောင်းလုလု အရိုးအဆစ်ကြီးကာကွယ်ဆေးထိုးပြီး နှစ်လသားရောင်းမည်
၈၆၀၊ချောင်းသာလမ်း၊စက်မှုဇုန်(၂)၊ ဘုတ်ဆုံမရေတ်သီးမှုန့်အနီး၊ ပြည်ထောင်စုလမ်းမဘက်မှဝင်ပါ။ (၆၃)ရပ်ကွက်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့၊ ဖုန်း-၅၉၁၂၃၉။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊နတ်လမ်း၊တန်ဆောင်း
ကျောင်းဒါယိကာမ မယ်တော်ကြီး

ဒေါ်မြငြိမ်း(ခ)ဒေါ်ငြိမ်း

အသက်(၇၀)

သုံးခွမြို့

ရန်ကုန်တိုင်း၊သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ်(၄၉၇)နေ (ဦးရွှေအို-ဒေါ်နု)တို့၏သမီး၊ (ဦးသောင်း)၏ဇနီး၊ ဦးတင်ရွှေ-ဒေါ်ကြင်ရွှေ၊ ဗိုလ်မှူးကြီးအောင်ငွေ (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒေါ်လှလှကျင်၊ ဦးတင်ဝင်း(ညွှန်ကြားရေးမှူး၊မွေး/ရေဝန်ကြီးဌာန)၊ ဒေါ်ခင်မြဝေ၊ ဦးကြည်ကို (သစ်တောဦးစီးဌာန)-(ဒေါ်အေးသန်း)၊ ဦးခင်မောင်ဝင်း၊ ဒေါ်မြင့်မြင့်အေး၊ ဦးတင်လတ်(CEMTM Co.Ltd.)-ဒေါ်ရီရီဝင်း (အမက-၁၉၊ဒလ၊ငြိမ်း)၊ အရာခံဗိုလ်မြင့်အောင်၊ ဒေါ်ဝါဝါခိုင်၊ ကိုလှမျိုးမြင့်၊(AEO.RAY Shipping Co.,Ltd.)၊မသီတာမျိုးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး၂၀ယောက်တို့၏ ဘွားဘွားကြီး သည် ၁၃-၁-၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄(စနေနေ့)ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး

ဒေါ်ရီရီမြင့် (၆၁)နှစ်

(LiLy Lim) B.Com, R.A, D.S

ယခင်ပန်းဘဲတန်း၊ ကုန်သွယ်ရေး၊ ထုပ်ပိုးကုန်သွယ်ရေး၊ စက်မှု(၁)

(ဦးကြီးမြင့်-ဒေါ်ညွှန့်ရီ)တို့၏တစ်ဦးတည်းသောသမီး၊ Australia နိုင်ငံ Sydneyမြို့နေဦးသန်းလွင် (မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း)၏ ချစ်လှစွာသော ဇနီး၊Edward Tanza-မခင်အေးလွင်၊ Peter Lwin နှင့် Cyntiha Lwinတို့၏ မွေးသမိခင်၊Jason Tanzaနှင့် Mathew Tanzaတို့၏ အဘွား၊ ဦးလှမြင့်(ခ) Charlie Lim၏ ညီမ၊ ဦးမောင်မောင်စိုး၊ဒေါ်အုန်းကြည်တို့၏ အစ်မ၊ မဥမ္မာစိုး၊ မစန္ဒာစိုးတို့၏ အဒေါ်သည် ၁၁-၁-၂၀၀၄ရက် ဒေသစံတော်ချိန် ၁၂း၁၀နာရီတွင် SYDNEYမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရီရီမြင့်

(LilyLim) B.Com., R.A,P.S

Australia နိုင်ငံ Sydneyမြို့နေ ဦးသန်းလွင်(မြန်မာ့ဘောလုံး လက်ရွေးစင်ဟောင်း)၏ ချစ်လှစွာသောဇနီး ဒေါ်ရီရီမြင့်သည် ၁၁-၁-၂၀၀၄ရက် ဒေသစံတော်ချိန် ၁၂း၁၀နာရီတွင် Sydneyမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရဲမှူးကြီးညိုဝင်း-ဒေါ်မော်မော်ဆွေမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရီရီမြင့်

(LilyLim) B.Com., R.A,P.S

Australiaနိုင်ငံ Sydney မြို့နေ ဦးသန်းလွင်(မြန်မာ့ဘောလုံး လက်ရွေးစင်ဟောင်း)၏ချစ်လှစွာသောဇနီးဒေါ်ရီရီမြင့်သည် ၁၁-၁-၂၀၀၄ရက် ဒေသစံတော်ချိန် ၁၂း၁၀နာရီတွင် Sydney မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်သန်းစိန်(ဟိုတယ်/ခရီး)၊ ဒေါ်ခင်ခင်
ဒေါ်ခင်မာလာ-ဦးမျိုးမြင့် မိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးပါ(၇၆)နှစ်

(ပေါင်မြို့)

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာနေ (ဦးစိန်ဒိုင်း-ဒေါ်လှသူ)တို့၏သား၊ ပေါင်မြို့ ကဒါ ရပ်ကွက်နေ (ဦးဘိုးသက်-ဒေါ်ငွေဂျုံ)တို့၏ သားသမက်၊ ပေါင်မြို့ ကဒါ ရပ်ကွက် သစ္စာလမ်း၊ အမှတ် (၃၅၉)နေ ဒေါ်မြဆွေ၏ခင်ပွန်း၊နိုင်သောင်းညွှန့်-ဒေါ်မြယဉ်တို့၏ အစ်ကို၊ ဒေါ်အေးအေးသန်း(သမဦးစီး၊ ပေါင်မြို့)၊ဦးတင်မောင်လတ်(ဆည်မြောင်း၊ဘားအံ) -ဒေါ်အေးအေးသက်(ခရိုင်စာရင်းရုံး၊ဘားအံ)၊ဦးတင်နွယ်(သစ်ခွဲစက်)-ဒေါ်မြတ်မွန်၊ ဦးတင့်ခိုင်-ဒေါ်သီတာအောင်(အလယ်တန်းပြ၊ဆရာမ၊ ပေါင်မြို့)၊ ဦးအောင်ကိုနိုင်-ဒေါ်လဲ့လဲ့မြင့်၊ ဦးထွန်းဇော်ဦး-ဒေါ်မီမီခက်တို့၏ ဖခင်၊ မြေး၁၅ယောက်တို့၏ အဘိုးသည် ၁၅-၁-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၃း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၆-၁-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ကျွဲခြံသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်း၊ဒါယိကာမကြီး

ဒေါ်ပြုံးပြုံးမော် (၄၃)နှစ်

ဗိုလ်ချုပ်ဈေး

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် (၆၁၇)နေဦးမန်းမော်-ဒေါ်အေးမြိုင်တို့၏ ချစ်သမီး၊ ပုလောမြို့ (ဦးသိန်းမောင်)-ဒေါ်သိန်းတို့၏ ချွေးမ၊ ဦးစန်းမောင်-ဒေါ်သန်းငွေ(ထ-၂၊ အင်းစိန်၊ငြိမ်း)၏ ညီမ၊ ကိုခွန်ဆိုင်-မနီလာမော်(နီလာအထည်ဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ကိုအောင်ကျော်ညွှန့်-မစံပယ်မော်(မြဝတီရပ်သံ)၊မယုယုမော် (သင်းနိုင်ကွန်ပျူတာ)တို့၏ ချစ်လှစွာသော အစ်မကြီး၊ မကြည်လေး၊ မဟေမာစိုးဝင်း (3rd Year Gem Mining၊ ရန်ကုန်တက္ကသိုလ်)၊ မောင်သက်ပိုင်စိုးဝင်း (ထ-၂၊အင်းစိန်)တို့၏ မွေးသမိခင်၊ ဦးစိုးဝင်း(လက်ထောက်မန်နေဂျာ၊ ဆင်ဆေးကုသစ်ထုတ်လုပ်ရေး)၏ ချစ်လှစွာသောဇနီးသည် ၁၅-၁-၂၀၀၄ရက် နံနက် ၉း၄၀နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄(စနေနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြည်ဝင်း

အသက်(၅၄)နှစ်

B.A (Law) LL.B

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရ အိမ်ရာ၊တိုက်(၁၄)၊ အခန်း(၃)နေ (ဦးစိန်ထွန်း-ဒေါ်သန်းရင်)တို့၏ သား၊ ဒေါ်ခင်စန်းရီ၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း)၊ ဒေါ်မြတ်မြတ်၊ ဦးတင်အောင်၊ ဒေါ်နွဲ့နွဲ့အေး၊ Mr. Terry P. Lynch-ဒေါ်ရီရီမြတို့၏မောင်/ညီ၊ ဦးခင်မောင်ညွှန့်-ဒေါ်စန်းစန်းအေး၊ (ဦးမောင်မောင်သန့်)-ဒေါ်သင်းသင်းဆွေတို့၏ အစ်ကို၊ ဦးစောလွင်-ဒေါ်စုစု၊ဗိုလ်ချုပ်ထင်အောင်ကျော်-ဒေါ်အေးညွှန့်ရွှေ၊ ဦးလှသိန်း-ဒေါ်ဥမ္မာ၊(ဒေါက်တာရှိန်တင်)-ဒေါ်သန်းသန်း၊ဦးသန်းငွေ-ဒေါ်နုနုတို့၏ အစ်ကို/ညီမောင်၊ Amanda Jacica Lynch၊ မသွယ်နန်းဇာ၊ မောင်ဇေယျာထွန်းတို့၏ ဦးလေး/ဘကြီးသည် ၁၅-၁-၂၀၀၄ရက် ညနေ၄း၃၀နာရီတွင် ကွယ်လွန် ပါသဖြင့် ၁၇-၁-၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ဦးကြည်ဝင်းနာမကျန်းဖြစ်စဉ်ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ရန်ကုန်ဆေးရုံကြီး အဆောင်၁၁-၁၂မှ ပါမောက္ခနှင့်ဆရာ၊ဆရာမများ၊ အသည်းရောဂါ အထူးကုဆောင်မှ ပါမောက္ခနှင့် ဆရာ၊ ဆရာမများအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

မနေခြည်ထွေး (၂၃)နှစ်

B.E, EC(GTCမော်ဘီ) B.A.(Eng)

သန်လျင်မြို့နေ ဦးဉာဏ်စိန်-ဒေါ်ချစ်ဆွေ၊ ဦးချစ်ဖေ၊ ဦးတင်လှ၊ ဒေါ်သိန်းမို၊ ဦးစိုးသိန်း-ဒေါ်ထွေးကြည်၊ (ဦးသန်း)-ဒေါ်ကျင်နုတို့၏ တူမ၊ အမှတ်(၁၃)၊ ဂန္ဓမာလမ်း၊ အုံ့ကြီးအရှေ့ကွက်သစ်၊ ဒလမြို့နယ်နေ ဦးဉာဏ်သောင်း-ဒေါ်မြမြစိုးတို့၏ သမီးထွေး၊ မချိုချိုမား မောင်ရဲထွန်းလတ်၊ မောင်အေးထွန်းလတ်တို့၏ ညီမသည် ၁၄-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၀၄(သောကြာနေ့) မွန်းလွဲ၁နာရီတွင် နေအိမ်မှ အုံ့ကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရပ်ကော့စိန်(ခ)ဦးမောင်မောင်ခင်

အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ဇဋိလ(၁)လမ်း၊ အမှတ်(၉၈၆)နေ ဒေါ်ခင်ခင်၏ခင်ပွန်း၊ ဦးချိုကိန်း-ဒေါ်ခင်သီတာ၊ ဦးဖေသောင်း-ဒေါ်ခင်မာလာ၊(ဦးခင်မောင်သီ)ဦးခင်မောင်ရီ-ဒေါ်ခင်မြအေး၊ ဦးခင်မောင်ကြည်-ဒေါ်သောင်းရွှေတို့၏ ဖခင်၊ မနွယ်နီသောင်း၊မောင်ကျော်စွာသောင်း၊ မောင်ဇင်မင်းထွန်း၊ မောင်စိန်ဦး၊ မောင်လင်းသီဟ၊ မခင်ချိုဦး၊ မောင်အောင်ချမ်းကျော်တို့၏အဘိုးသည် ၁၅-၁-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၇-၁-၂၀၀၄(စနေနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျောင်းဒါယိကာမကြီး

ဒေါ်မသိန်း (၈၃)နှစ်

စစ်တွေ(လမ်းမတော်တောင်)

စစ်တွေမြို့၊ လမ်းမတော် တောင်ရပ်ကွက်နေ (ဦးဦးသာထွန်း-ဒေါ်ဦးစိန်သာ)တို့၏ သမီး၊ (ဦးစိန်ရွှေလှ)၏ ဇနီး၊ ဒေါ်ဦးသိန်းနု-(ဦးစောမောင်)၊ ဦးစစ်သာအောင်-ဒေါ်စောရွှေ၊ ဒေါ်လှမြသိန်း-ဦးမြသိမ်း၊ ဦးမောင်သိန်းရွှေ-မညွှန့်လှ၊ ဦးထွန်းအေးကျော်-ဒေါ်အေးချစ်တို့၏ မိခင်၊ မြေး၁၀ ယောက်တို့၏ အဘောင်ရှင်၊ မြစ်၁၁ယောက်တို့၏ အဖီးရှင်သည် ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ မြခွာညိုအိမ်ရာ အခန်း(၁၀၆)၊တိုက်(၂)၌၁၃-၁-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၇-၁-၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ပါမည်။(နေအိမ်မှကားများနံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း
တန်ဆောင်း ဒါယိကာမကြီး

ဒေါ်ခင်ခင်ချို (၇၄)နှစ်

(ဗိုလ်ချုပ်ဈေး)

ကော့ကရိတ်မြို့နေ(ဦးသောင်းဖေ-ဒေါ်အမာ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၉)၊ အခန်း(၂)၊ ဒဂုံမြို့နယ်နေ (ဗိုလ်ကြီးတင်အုန်း၊ မော်ကွန်းဝင်ဒုတိယဆင့်)၏ ချစ်လှစွာသော ဇနီး၊ ဦးမြင့်လွင်၊ ဦးမြင့်အောင်၊ ဒေါ်တင်တင်၊ ဒေါ်မေမေခင်နှင့် ဦးညီညီတို့၏ အစ်မကြီး၊ Capt ဦးမြင့်သိန်း-ဒေါ်ခင်ချိုသိန်း(အထက -၂၊ လသာ)၊ ဒေါ်စုစုသိန်း (ဌာနစုမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)၊ ဦးတင့်လွင်၊ ဗိုလ်ကြီးအောင်မျိုးမင်း (ငြိမ်း) (အထူးအရာရှိ၊ စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်စန္ဒာလွင်(အထက-၁၊ဒဂုံ)၊ ဦးရဲမင်းသူ (Mananger) Seed International Co.,Ltd-ဒေါ်ခင်စန္ဒာဝင်းတို့၏ချစ်လှစွာသောမိခင်၊ မဆုဝင့်ထက်၊မဘရဏီခင်၊ မောင်အောင်လင်းဦးတို့၏ အဘွားသည်၁၅-၁-၂၀၀၄ရက်တွင် Green Cross ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်အေး (၆၈)နှစ်

ဒု-အရာခံဗိုလ်(ငြိမ်း)
ဌာနခွဲမှူး၊ သမိုင်းချည်စက်၊ (ငြိမ်း)

ရန်ကုန်မြို့နေ(ဦးဘအေး-ဒေါ်ငွေစိန်)တို့၏သား၊(ဦးဘကျော်-ဒေါ်ခင် ခင်မြင့်)တို့၏သားသမက်(ဒေါ်သန်းသန်းအေး)၊ (ဒေါ်နွဲ့နွဲ့အေး)၊ ဦးရဲဝင်း၊ ဒေါ်လှလှအေး၊ ဒေါ်မြမြအေး၊ ဒေါ်မြင့်မြင့်အေးတို့၏ ညီ/မောင်၊ဒေါ်ညွှန့်ညွှန့်အေး၏ အစ်ကို၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက်(၂၀၅)၊ အခန်း(၂၀)နေ ဒေါ်ခင်လေးမူ၏ခင်ပွန်း၊ မောင်ဇေယျာအေး(Global Pharma)၏ ဖခင်သည် ၁၅-၁-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၇-၁-၂၀၀၄(စနေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကင်းနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုရဲသောင်းထိုက်(ခ) ကိုထွေး (၂၉)နှစ်

B.Sc (Chemistry)

(ရွှေကျင်)

ပဲခူးတိုင်း၊ တောင်ငူမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးရဲမြင့်-ဒေါ်ခင်သိန်းရီတို့၏ သား၊ ကိုရဲသန်းထိုက်၊ ကိုရဲကိုထိုက်တို့၏ ညီ၊ မဇင်မင်းမင်းသန်း၏ အစ်ကို၊ ကိုရဲသောင်းထိုက်သည် ၁၅-၁-၂၀၀၄ ရက်တွင် ဗဟိုစည်ဆေးခန်း၌ကွယ်လွန်ပါ၍ ၁၇-၁-၂၀၀၄(စနေနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၈၂လမ်း၊ ၁၁၃B ကန်တော်ကလေးနေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်မြ အသက်(၈၀)

(ထန်းတပင်)

အမှတ်(၂၅)၊ ဥက္ကာလမ်းသွယ်(၂)၊ ဥက္ကာလမ်း၊(ဂ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်နေ (ဦးဖိုးစိန်-ဒေါ်ထွေး)တို့၏ သမီး၊(ဦးငွေလင်း-ဒေါ်လှရင်)၊ (ဦးမောင်ငွေ-ဒေါ်မြတင်)တို့၏ညီမ၊ ဦးတင်မောင်မြင့်-ဒေါ်တင်ကြည်၏အစ်မ၊ (ဗိုလ်ကြီးအုန်းမောင်)၏ ဇနီး၊ ဗိုလ်ကြီးဇော်ထွန်း(ငြိမ်း၊စက်မှုစားကုန်)-ဒေါ်ထွေးထွေး၊(ဦးကျော်မြင့်)ဒေါ်ခင်သန်းဆွေ၊ ဗိုလ်မှူးစိုးနိုင်(လ/ထဌာနမှူး၊ရန်ကုန်စည်ပင်)ဒေါ်အေးကြည်ကြည်တို့၏မွေး မိခင်၊ မြေး ၁၂ယောက်၊ မြစ် ခြောက်ယောက်တို့၏အဘွား ဒေါ်ကြည်မြသည် ၁၅-၁-၂၀၀၄ရက် ည ၆း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၇-၁-၂၀၀၄ရက်ညနေ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်း(ခ)ဒေါ်စန်း

အသက်(၇၄)နှစ်

(မြောင်းမြ)

မြောင်းမြမြို့၊ (၄)လမ်းနေ (ဦးခင်ညွှန့်-ဒေါ်ထွေးညွှန့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊အောင်ရတနာလမ်း၊ အမှတ်(၉၈/က)နေ ဦးထွန်းခင်(ယဉ်ကျေးမှု-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ကိုတင်ဆွေ-မစန်းစန်းမြင့်တို့၏ မိခင်၊ မလှဝင်း၊ ကိုလှမြင့်(ဒဂုံ)-မမြင့်သန်းငွေ၊ ကိုမြင့်အောင်-မတင်တင်စန်း၊ ကိုသိန်းဇံ-(မရွှေတင်)၊ကိုထွန်းစိုး-မသန်းသန်းဆွေ၊ ကိုအောင်မိုး-မစန်းစန်းဝင်း၊ ကိုခင်မောင်ဝင်း-မအေးအေးသင်းတို့၏ အဒေါ်၊ဒေါ်စိန်၏အစ်မ၊ ဒေါ်ခင်စန်း(ခ)ဒေါ်စန်းသည် ၁၅-၁-၂၀၀၄ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်းမြင့် (၇၃)နှစ်

(ချင်းချောင်းခြံ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၂)၊ အခန်း (၄၆)နေ (ဦးရွှေ-ဒေါ်ကွမ်း)တို့၏ သား၊ ဒေါ်တင်သန်း၏ ခင်ပွန်း၊ ဦးစိုးလှိုင်-ဒေါ်စန်းစန်းမြင့်၊ (မောင်အောင်ဆန်း)-မဖြူဖြူဝင်း၊မောင်ကျော်ကျော်ဝင်း-မပြုံးပြုံးမာ၊ မောင်ကျော်မိုးဝင်း၊ မောင်အောင်နိုင်ဝင်း-မရီရီအေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မရည်လဲ့ဆွေ၊ မအင်ကြင်းလှိုင်၊ ဟိန်းလင်းအောင်၊ အောင်နိုင်ဖြိုးတို့၏အဘိုးသည်၁၄-၁ -၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၆-၁-၂၀၀၄(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါ မည်။ (ပန်းလှိုင်အိမ်ရာမှကားများနံနက် ၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးထွန်းကြည်(ငြိမ်း)

ဗိုလ်သင်တန်းအမှတ်စဉ်(၂၁)

အသက်(၇၁)နှစ်

(သထုံ)

သထုံမြို့နေ (ဦးစောမောင်-ဒေါ်ထွန်းမေ)တို့၏ သား၊ (ဦးဟန်မင်း-ဒေါ်သိန်း)တို့၏ သားသမက်၊ ဒေါ်သန်းကြည်-ဦးထွန်းကြည်၊ ဦးဘရီတို့၏ညီ၊ ဗိုလ်ကြီးသူရအေးရွှေ(ငြိမ်း)-ဒေါ်ရီရီသိန်း၊ ဦးအောင်သိန်း-ဒေါ်အေးသိန်း၊ ဒေါ်တင်ရီ၊ ဦးသိန်းထွန်း-ဒေါ်ဝင်းဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်(၉)ရပ်ကွက်၊ကျော်သူ(၂၂) လမ်း၊ အမှတ်(၉၇၈)နေဒေါ်ငွေကြွယ်၏ခင်ပွန်း၊ မစန္ဒာကြည်(ပြင်သစ်ဧည့်လမ်းညွှန်)၊ Dr. ကျော်အောင်ထွန်း - Dr.မာလာစိုး၊ မသဇင်ထွန်းတို့၏ ဖခင်၊ မဆုရတနာထွန်း၏အဘိုးဒုတိယဗိုလ်မှူးကြီးထွန်းကြည်(ငြိမ်း)သည် ၁၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇-၁-၂၀၀၄(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ထွေးရီ အသက်(၅၀)

B.Sc,B.Ed
SAT အထက(၂)မော်ဘီ

ရန်ကုန်တိုင်း၊ မော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာ ပေတရာပိုင်း၊ အမှတ်(၃၃)နေ (ဦးစိန်-ဒေါ်အုန်းစိန်)တို့၏ သမီးထွေး၊ ဦးခင်မောင်ဦး-ဒေါ်တင်တင်၊ ဦးမောင်ယ်-ဒေါ်အုန်းစိန်၊ (ဦးခင်စိုး)-ဒေါ်လှမြင့်၊ ဦးအေးမောင်-ဒေါ်မြမြ၊ ဦးသိန်းဆိုင်-ဒေါ်ကြည်တို့၏ညီမထွေး၊ တူ၊တူမ၁၀ယောက်၊ မြေးခုနစ်ယောက်တို့၏အဘွားလေးသည် ၁၀-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၁-၂၀၀၄ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊
မုခ်ဦး၊ရဟန်းဒါယကာကြီး

ဦးယိုအစ်ဘင်(ခ)ဦးအီးဘင်း

အသက်(၈၅)နှစ်

စပါယ်အောင်သကြားစက်နှင့်
ရောင်းဝယ်ရေး (တောင်ကြီးမြို့)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊၄လမ်း၊ အမှတ်(၄၂/ခ)၊ (ပ) ထပ်နှင့် တောင်ကြီးမြို့၊အမှတ်(၈၂/၁၀၂)၊ စပါယ်ဖြူလမ်း၊ ဟော်ကုန်းရပ်နေ (ဒေါ်အေးမြ)၏ခင်ပွန်း၊ ဒေါ်ဆွေမိ၊ (ဦးကျော်ဇေယျ)-ဒေါ်ခင်မြင့်၊ဦးသန်းထွန်း-ဒေါ်မေမေစိန်၊ ဦးသန်းဝင်း-ဒေါ်ခင်စုဝင်း၊ ဒေါ်မင်းမင်း၊ဦးစိုင်းဝန်းစီ-ဒေါ်နုနုလွင်၊ ဦးမောင်စွံ(ခ)ကိုတီတီ၊ ဦးတင်အောင်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး၁၀ယောက်တို့၏ အဘိုးသည် ၁၄-၁-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆-၁-၂၀၀၄(သောကြာနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်

အသက်(၇၅)နှစ်

မြေစာရင်းဦးစီးဌာန(အငြိမ်းစား)
(မုဒုံ)

မုဒုံမြို့နေ (ဦးမောင်ခိုင်၊ ကျောင်းအုပ်ကြီး-ဒေါ်အေးသင်)တို့၏ သား၊ (ဒေါ်လှရင်)၏ ခင်ပွန်း၊ ဦးခင်မောင်ရင်(စက်မှုလယ်ယာ၊ ဒုညွှန်မှူး) - ဒေါ်သီသီစိုး (အထက-ငြိမ်း)၊ ဦးသန်းအေး(ဒု-လ/ထညွှန်မှူး)-ဒေါ်ငွေသိုက်(စက်မှု-၂၊ ငြိမ်း) တို့၏ အစ်ကို၊ မခိုင်မိသက်၊ မမြင့်မြင့်ရီ၊ မဆွေဆွေသန်း၊ မောင်မြင့်မော်-မကြည်ကြည်ခိုင်၊ မောင်ငွေးဝင်း-မအေးအေးမာ၊ မနီလာခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် အခန်း(၁၀၃)၊တိုက်(၂၁)၊ (၇)လမ်း(B)၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးအောင်မြင့်သည် ၁၄-၁-၂၀၀၄ရက်တွင်နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၆-၁-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊သိမ်၊ နတ်လမ်း၊
တန်ဆောင်းဒါယိကာမမယ်တော်ကြီး

ဒေါ်မြငြိမ်း(ခ)ဒေါ်ငြိမ်း

အသက်(၇၀)

သုံးခွမြို့

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ်(၄၉၇)နေ (ဦးရွှေအို-ဒေါ်နု)တို့၏ သမီး၊(ဦးသောင်း)၏ဇနီး၊ (ဦးလှသောင်း)-ဒေါ်လှရွှေ၏ ညီမ၊ ဦးကျော်ချွန်(ငြိမ်း၊ လ/ထညွှန်မှူး၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ ဒေါ်တင်မြ(ခ)ဒေါ်သို(ဦးစိန်ရ)၊ ဒေါ်ခင်ဝင်းနွဲ့တို့၏ အစ်မ၊ မနွဲ့ရီ၊ မောင်စိန်မြင့်၊ မောင်သန်းမြင့်၊ မမြင့်မြင့်ရီ၊ မကြည်ကြည်ဝင်း၊ မတင်တင်အေး၊ မောင်သက်တင်၊ မောင်လှမြင့်၊ မောင်ရဲဝင်းနိုင်၊ မရွှေဇင်မြတ်၊ မဇင်ဇင်မြတ်တို့၏ကြီးကြီးသည် ၁၃-၁-၂၀၀၄ (အင်္ဂါနေ့)မွန်းလွဲ၁နာရီတွင် ကွယ်လွန်ပါ၍ ၁၇-၁-၂၀၀၄ (စနေနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုးတင်

အသက် (၆၇)နှစ်

တိုင်းမန်နေဂျာ(ငြိမ်း)
မြန်မာ့စီးပွားရေးဘဏ်၊ (မြင်းခြံ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၃၀)နေ ဒေါ်ရီ၏ခင်ပွန်း၊ ကိုခင်နိုင်-မတင်တင်ငွေး၊ ကိုမောင်မောင်ကြည်၊ ကိုညွှန့်ထွန်း-မဝင်းမြတ်နိုး၊ ကိုမျိုးမင်းဦး C.O.O-Blazon၊ (MDY) တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး ဦးစိုးတင်သည် ၁၅-၁-၂၀၀၄ (ကြာသပတေး)နေ့ နံနက် ၂း၄၅နာရီတွင် ကွယ်လွန်ပါ၍ ၁၇-၁-၂၀၀၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အန္တိမအဂ္ဂိစျာပနပူဇာသဘင်

ဘဒ္ဒန္တ ခေမိန္ဒ

သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

(မူလမဟာနဂါးပဝါရဏာဂိုဏ်းချုပ်ဆရာတော်)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ နဂါးကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နဂါးပဝါရဏာဂိုဏ်း၏ ဂဏာဓိပတိ၊ ဂဏာစရိယ၊ မြို့နယ်သြဝါဒါစရိယ ဘဒ္ဒန္တ ခေမိန္ဒမဟာထေရ်မြတ်သည် ၁၃၆၄-ခုနှစ်၊ တန်ခူးလဆန်း၇ရက်၊၈-၄-၂၀၀၃(အင်္ဂါနေ့) ညနေ၃း၃၀နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅-ခု၊ တန်ခူးလဆန်း၁၃ရက်မှ၁၅ရက်အထိ(၂-၄-၂၀၀၄မှ ၄-၄-၂၀၀၄)ထိ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီနဂါးရွာ၊လေးတောင်တိုက်နယ်၊ရမ်းဗြဲမြို့နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ ဒေဝိန္ဒ

သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်

(သာသနဓဇ သီရိပဝရဓမ္မာစရိယ)

ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ်၊ ဗိုလ်တထောင်ကျောင်းတိုက်၊ ရွှေရင်မျှော်ကျောင်း ပဓာနနာယက တတိယရွှေရင်မျှော်ဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒ (သာသနဓဇ သီရိပဝရဓမ္မာစရိယ၊မြို့နယ်သံဃနာယကအဖွဲ့ဝင်)သည် ၁၃၆၅ခု၊ ပြာသိုလပြည့်ကျော် ၉ရက်၊၁၅-၁-၂၀၀၄(ကြာသပတေးနေ့)နံနက်၁း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်ကျော်၁၅ရက်၊ ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်ပြီးအဂ္ဂိစျာပနကျင်းပ ပူဇော်မည်ဖြစ်ပါ၍ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်သံဃာတော်များနှင့် အန္တိမစျာပနကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ရင် (ပြည်မြို့)

အသက် (၇၄)နှစ်

ကိုမောင်မောင်ဝင်း B.E (Mach)၏ဖခင် ဦးအောင်ရင်သည် ၁၄-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
(Paris ဆပ်ပြာ) United Pacific Co., Ltd

ခရစ်တော်၌ အိပ်ပျော်ခြင်း

Pi Cing Khan Vung

အသက်(၆၆) နှစ်

(Hai Ciin)

ကျီးခါးမြို့နယ်၊ ဟိုင်ကျင်းကျေးရွာနေ (Pu Ngul Za Cin.-Pi Cing Za Vung) တို့၏ တတိယသမီး၊ Nu Niang Khaw Ciin (Pa Kam Suan), (Nu Ning Za Niang), Pa Cin Khaw Zam (ဓမ္မဆရာ)၊ Pa R.Kham Cin Pau (JAM-MTE- ငြိမ်း)၊ Nu Man En Niang တို့၏ ညီမ၊ Nu Man Khaw Lian, Saya Nang Suan Dal (SAT, Cikha), Nu Vung Khen Niang, Pa Cin Go Lam Thang. (TEE,Hmawbi), Tg Thang Mun Mang B.Sc(Phy:)MD, BDK, Trading CO.,Ltd. Ygn, Tg Pau Lun Min Thang B.Sc(Phy:) Director, BDK Trading Co.,Ltd.Ygn, Sayama Vung Deih Kim BA (Psy:) (PAT,Cikha) Tg Dal Sian Mung MA-Final(IR) YU, Tg Thang Sian Khai EGTI(MT) B.Eco(Final)YIE, တို့၏ကျေးဇူးရှင်မွေးသမိခင်၊ Pu Pum Khaw Mang (Guite)၏ချစ်လှစွာသော ဇနီး၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၄-၁-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၆-၁-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုမ္မာဓရပ်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ်၁၅၀၊လှသာ၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေအိမ်နှင့် ဇောနွေလဘုရားကျောင်းရှေ့မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ကျော်သူအောင်

အသက်(၂၅)နှစ်

အထက(၁)အလုံကျောင်းသားဟောင်း

ရန်ကုန်မြို့နေ (ဦးသိန်းအောင်-ဒေါ်အုန်းတင်)၊ ပဲခူးတိုင်း၊ အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့နေ ဦးမှတ်ကြီး-ဒေါ်ခင်စိန်တို့၏ မြေး၊ ရန်ကုန်မြို့၊ စကားဝါပင်လမ်းနေ ဦးအမြင့်-ဒေါ်ခင်ကြည်၊ (ဦးလှမြင့်)-ဒေါ်နီ၊ (ဦးသန်းထွန်း)၊ (ဦးအုန်းရွှေ-ဒေါ်တင်လှ)ဦးစိန်ဝင်း-ဒေါ်အေးမြင့်တို့၏တူသား၊ဦးခင်မောင်အေး-ဒေါ်သန်းသန်းအေး(ကမ်းနားဈေး)တို့၏ တူ၊ မခင်ငွေးဦး(ခ)မိယေး၊ ကိုစိုးနိုင်-မဝင်းမာ၊ ကိုမောင်မောင်မျိုးသန့်တို့၏ ညီမောင်၊ မောင်အောင်မြတ်ကျော်၊ မောင်ကျော်ခိုင်ခန့်တို့၏ဦးလေး၊ အမှတ်(၃၈)၊ စကားဝါပင်လမ်းနေ ဦးထွန်းဝင်း-ဒေါ်မြင့်မြင့်စန်းတို့၏သားသည် ၁၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်သိန်း(၈၆)နှစ်

ဇာမဏီဆေးလိပ်ရုံပိုင်ရှင်
(ပဲခူး)

ပဲခူးမြို့၊ ဖိုင်းဂနိုင်းမြောက်ပိုင်း၊ (၂)လမ်း၊ အမှတ်(၂၃)နေ (ဦးအောင်ဒွန်း-ဒေါ်လှိုင်)တို့၏သမီး၊(ဦးငြိမ်းမောင်) ၏ဇနီး၊ ဦးခင်မောင်သန်း-ဒေါ်တင်အုံး၊ ဦးခင်မောင်မြင့်-ဒေါ်ယဉ်ယဉ်သိန်း၊ ဒေါက်တာမျိုးလှိုင်ကျော်-ဒေါ်ခင်သန်းနွယ်တို့၏ မိခင်၊ မြေး ၁၀ယောက်တို့၏ အဘွား၊မြစ်တစ်ယောက်၏ဘွားဘွားကြီးသည် ၁၄-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၁-၂၀၀၄(သောကြာနေ့) မွန်းတည့်၁၂နာရီတွင် အထက်ပါ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်(၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၃/ခ)၊ ဘောက်ထော်ဘူတာရုံလမ်း၊ ၁၆ရပ်ကွက်၊ ရန်ကင်း မြို့နယ်နေ (ဦးလှဖေ-ဒေါ်မမ)တို့၏သမီး၊ (ဦးမြဒင်-ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ (ဦးခင်မောင်လေး)၏ဇနီး၊ ဦးမြင့်အောင်(ကျောက်မျက်)-ဒေါ်ခင်ဝါလေး(အလက-၄၊ ရန်ကင်း)၊ ဦးဇော်အောင်-ဒေါ်မိုးမြတ်ပွင့်(အလက-၁၀၈/၃)၊ ဒုအရာခံဗိုလ်ခင်မောင်ချို(မော်ဘီ)-ဒေါ်ဥမ္မာခင်၊ ဦးထင်အောင်(တာချီလိတ်) - ဒေါ်နန်းခမ်းနွယ်၊ ကိုညွှန့်မင်းဝင်းတို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၄-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၁-၂၀၀၄ရက်ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

စောဖြူချော(သာပေါင်း)

အသက်(၃၂)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မ/၁၁၂၂၊ ဦးထွန်းစိန်ကုန်း၊ ဟိုက်ပတ်(၂)လမ်း၊ တောင်သုကုန်းရပ်ကွက်နေ ဦးစောသာပလေး - နော်စံလေးဝါးတို့၏ တစ်ဦးတည်းသော ချစ်လှစွာသောသား၊ နော်မေရီဂျွန်၏ခင်ပွန်း၊နော် Blessing. နော် Praising တို့၏ ဖခင်၊ သိက္ခာတော်ရဆရာဦးစောဂျွန်ချစ်(သက်ရင်းကုန်းအသင်းတော်)-နော်မုရင်တို့၏ သားသမက်၊ နော်နုနုရွှေ (မိးမိး)၊ (ကိုမင်းမင်းထွန်း-မိးယယ်)၊ နော်ခင်သန္တာထွေး(ထွေးယယ်) တို့၏အစ်ကို စောဖြူချောသည် Cyprus (ဆိုက်ပရပ်စ်)နိုင်ငံ၌ ၂၀-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄ ရက်နံနက် ၁၀နာရီတွင် ထိန်ပင်ခရစ်ယာန်သင်္ချိုင်း၌ မြေသို့အပ်နှံမည်။ (ဟိုက်ပတ်(၂)လမ်းနေအိမ်မှ ကားများ နံနက်၉နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး-၂၉၁၈၃၂၊စာတည်းများ-၂၉၁၈၃၂၊ သတင်းထောက်မှူး-၂၉၂၈၃၃၊ မန်နေဂျာ-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း-၂၉၁၃၅၄၊ ဖြန့်ချိရေး-၂၉၂၈၃၀၊ ကြော်ငြာ-၂၉၆၄၂၇၊ ပုံနှိပ်-၂၉၂၈၃၁။ R/184

နိုင်ငံတကာအဆင့်မီ စီးပွားဖြစ်သဘာဝဓာတ်ငွေ့သိုက် ရခိုင်ကမ်းလွန်ဒေသတွင် တွေ့ရှိ

ယင်းလုပ်ကွက်၌ အလားအလာကောင်းသည့် ဘူမိအနေအထားများဖြစ်သော ရွှေဖြူနှင့် ငွေလည်းရှိ

ခန့်မှန်းတွက်ချက်မှုများအရ သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေ ထုတ်ယူနိုင်

နိုင်ငံတော်က အရင်းအမြစ်ပိုင်ရှင်အဖြစ် အချိုးကျခံစားခွင့်နှင့် အစုဝင်အဖြစ် အကျိုးအမြတ် ထူးခြားစွာရမည်

ရန်ကုန် ဇန်နဝါရီ ၁၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation နှင့် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို ၂၀၀၀ပြည့်နှစ် ဩဂုတ် ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၁ခုနှစ်အတွင်း ဆိုက်စမစ်လိုင်း ကီလိုမီတာ ၃၅၅၂ ဒသမ ၇၅ တိုင်းတာခဲ့ပြီးနောက် တွက်ချက်မှုနှင့် အဓိပ္ပာယ်ဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ကွက် A-1 အတွင်း၌ အစမ်းတွင်းအမှတ် ရွှေ–၁ ကို ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် တွင်းတူးစက် Energy Searcher ဖြင့် တူးဖော်ခဲ့ရာ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် အနက်ပေ ၁၀၅၈၈ ပေသို့ ရောက်ရှိခဲ့ပြီး စမ်းသပ်မှုများအရ G-5 သဲကြောတွင် စီးပွားဖြစ်သဘာဝဓာတ်ငွေ့ ခိုအောင်းနေကြောင်း စမ်းသပ်တွေ့ရှိရသည်။ စမ်းသပ်တွေ့ရှိချက်များအရ ရွှေ–ဘူမိအနေအထားတွင် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သည့် ပမာဏမှာ ၄ ဒသမ ၂ မှ ၅ ဒသမ ၈ ထရီလီယံကုဗပေအတွင်း ရှိကြောင်းသိရသည်။

အဆိုပါလုပ်ကွက်တွင် Daewoo International Corporation မှ Operator အဖြစ် ဆောင်ရွက်နေပြီး အစုရှယ်ယာ ၆၀ ရာခိုင်နှုန်းပိုင်ဆိုင်ကာ ကိုရီးယားသမ္မတနိုင်ငံ Korea Gas Corp မှ ၁၀ ရာခိုင်နှုန်း၊ အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh Ltd. မှ ၂၀ ရာခိုင်နှုန်းနှင့် GAIL (India) Ltd. မှ ၁၀ ရာခိုင်နှုန်း အစုရှယ်ယာ ပါဝင်ကြသည်။ ယခု ရွှေအစမ်းတွင်းမှ သဘာဝဓာတ်ငွေ့ တွေ့ရှိမှုသည် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝ ဓာတ်ငွေ့သိုက်တစ်ခုဖြစ်ကြောင်းနှင့် အဆိုပါ လုပ်ကွက်တွင် အလားအလာကောင်းသည့် ဘူမိအနေအထားများ ဖြစ်ကြသော ရွှေဖြူနှင့် ငွေစသည်တို့လည်းရှိသည်။ ခန့်မှန်းတွက်ချက်မှုများအရ ယင်းလုပ်ကွက်မှ သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ကွက် A-1 မှ ရွှေ–၁ သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိမှုကြောင့် နိုင်ငံတော်အနေဖြင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်ပိုင်ရှင်အဖြစ် အချိုးကျ အကျိုးခံစားခွင့်များရရှိမည်ဖြစ်ပြီး အစုဝင်အဖြစ်ပါ ဆောင်ရွက်မည်ဖြစ်ရာ အကျိုးအမြတ်များ ထူးခြားစွာ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လုပ်ကွက်အမှတ် A-1 ရွှေအစမ်းတွင်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 ရွှေအစမ်းတွင်းအား စက်ခလုတ်နှိပ် (Spud In) နေစဉ် (အပေါ်ပုံ)**နှင့် ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ မီးရှို့ထားသည်ကို ဝေဟင်မှ တွေ့ရစဉ်။**

(အောက်ပုံ) (စွမ်းအင်)